# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက် | ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ်(၂၈၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့်ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွား မည်။





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့သည့် နေပြည်တော် ဥတ္တရသီရိရေလှောင်တမံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော်၊ ဥတ္တရသီရိရေလှောင်တမံနှင့် အလုပ်သမားဝန်ကြီးဌာန ရုံးပတ်လမ်း၊ မြေထိန်းနံရံပြန်လည်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးနေမှုအခြေအနေ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၅

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ညနေပိုင်းတွင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော် ဥတ္တရသီရိရေလှောင်တမံနှင့် အလုပ်သမားဝန်ကြီးဌာနရှိ ရုံးပတ်လမ်း၊ မြေထိန်းနံရံများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးနေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖


**ယနေ့ ဖတ်စရာ**

**မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွား မြှင့်တင်ရေးပြခန်း ရုရှားနိုင်ငံသားများ အထူးစိတ်ဝင်စားမှုရှိခဲ့ပြီး လာရောက်သူများဖြင့် စည်ကား** ပြည်တွင်းသတင်း စာ ၆



**ဒီမိုကရေစီ၊ ကိုယ်ချင်းစာစိတ်နှင့် ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်ထားနှလုံးသား** ဆောင်းပါး စာ ၁၀

**အသွင်သစ်များဖြင့် မူးယစ်အန္တရာယ်** ဆောင်းပါး စာ ၁၆

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

❖ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဥတ္တရသီရိမြို့နယ် ကျောက်အိုးချောင်းပေါ်တွင် တည်ရှိသည့် ဥတ္တရသီရိရေလှောင်တမံသို့ ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တာဝန်ရှိသူများက လျှင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဆည်အတွင်း ရေဝင်ရောက်ရာလမ်းကြောင်းများ၊ တမံပြန်လည်ပြုပြင်ရန်အတွက် ဘူမိဗေဒတိုင်းတာခြင်း၊ မြေစမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ရေလှောင်တမံ ရေထုတ်ပြွန်မှ ရေယိုစိမ့်မှုနှင့် မြေသားတမံ၏ ဖို့မြေထိခိုက်ပျက်စီးမှုကို ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းဆွေးနွေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေလှောင်တမံအတွင်းရှိ ထိခိုက်ပျက်စီးခဲ့သည့် ရေလယ်အဆောက်အအုံ ဖယ်ရှားရှင်းလင်းနေမှု၊ အရန်အရေးပေါ်ရေပိုလွှဲ ရေတံခါးတပ်ဆင်၍ ရေလွှဲပေါက်တစ်ခုအဖြစ် ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ရေလှောင်တမံတွင် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအနေဖြင့် အရန်ရေပိုလွှဲ

*စာမျက်နှာ ၄ သို့*



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ အလုပ်သမားဝန်ကြီးဌာန ရုံးဝင်းအတွင်း ယာယီရုံးခန်းများဖွင့်လှစ်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နေပြည်တော် ဥတ္တရသီရိရေလှောင်တမံ ရေပိုလွှဲကို တွေ့ရစဉ်။

❏ **ဥတ္တရသီရိရေလှောင်တမံသည် ရေဆင်းဧရိယာ ဧက ၁၅၀၀၊ တမံအမြင့်ပေ ၆၀၊ တမံအလျား ပေ ၁၁၂၀ ရှိ မြေသားတမံအမျိုးအစားဖြစ်ပြီး ဥတ္တရသီရိမြို့နယ်အတွင်းရှိ ပြည်သူများ သောက်သုံးရေ ဖူလုံစွာပေးဝေနိုင်ရေးအတွက် ၂၀၀၈-၂၀၀၉ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ရာ သက်တမ်းအားဖြင့် ၁၇ နှစ် ရှိပြီဖြစ်**

*စာမျက်နှာ ၃ မှ*

လမ်းကြောင်းဖော်ထုတ်ခြင်း၊ တမံအတွင်း ရေဝင်လမ်းကြောင်းကို ချောင်းမကြီးဆည်ဘက်သို့ ပေ ၁၃၅၀ တူးဖော်ခြင်း၊ ပင်မရေပိုလွှဲတွင် ရေဝပ်နေရာကို ကွန်ကရစ်လောင်းခြင်း၊ ယာယီရေတားတမံနှင့် မူလတမံအကြားရှိ ရေနှင့် သဲနုန်းများ စုပ်ထုတ်ရှင်းလင်းခြင်းနှင့် Tower အတွင်း ရေမဝင်အောင် Ring Bund ပတ်၍ လုပ်ငန်းများဆောင်ရွက်ခြင်း၊ ကွန်ကရစ် Tower ကို ဖြိုဖျက်ခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ရေတံခါးဖြုတ်ခြင်း၊ ပျက်စီးခဲ့သည့် ရေထုတ်ပြွန်ကို ကွန်ကရစ်ဖြင့် အပြီးပိတ်ခြင်း၊ ရေလုံမြေဖြင့်ဖို့၍ ရေရှည်တမံကြံ့ခိုင်မှုရှိစေရန် တမံအရှေ့ဘက်မှ Banquette ဖို့ခြင်း၊ တမံအောက်ဘက် Downstream ဘက်ခြမ်း ထူးပေါက်နှင့် မြေကျွံကျမှုဖြစ်ပေါ်ခဲ့သောနေရာများမှ မြေသားများကို ဖယ်ရှားရှင်းလင်းပြီး တမံဖို့ရန် သတ်မှတ်ထားသည့် မြေအမျိုးအစားဖြင့် သတ်မှတ်ပုံစံအတိုင်း ပြန်လည်ကြိတ်ဖို့ခြင်း၊ ရေလွှဲမြောင်း Diversion Channel နေရာတွင် (၆ x ၈) ပေ အရွယ် ရေတံခါးတစ်ခုကို ကွန်ကရစ်ဖြင့် တည်ဆောက်ခြင်း၊ ကွန်ကရစ်ပိုက်အတွင်း ကွန်ကရစ်လောင်းရန် Conduit ပိုက်ကို အပေါက်ဖောက်ခြင်း၊ ပိတ်ဆို့ရမည့်နေရာ တပ်ဆင်နိုင်ရန် Socket ပြုလုပ်ခြင်းနှင့် ရေလွှဲကြောင်းကို ရေတံခါးတပ်ဆင်ရန်အတွက် ဒီဇိုင်းရေးဆွဲခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြေသားတမံအမျိုးအစားဖြစ်**

ဥတ္တရသီရိရေလှောင်တမံသည် ရေဆင်းဧရိယာဧက ၁၅၀၀၊ တမံအမြင့်ပေ ၆၀၊ တမံအလျား ပေ ၁၁၂၀ ရှိ မြေသားတမံအမျိုးအစားဖြစ်ပြီး ဥတ္တရသီရိမြို့နယ်အတွင်းရှိ ပြည်သူများ သောက်သုံးရေဖူလုံစွာ ပေးဝေနိုင်ရေးအတွက် ၂၀၀၈ -၂၀၀၉ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ရာ သက်တမ်းအားဖြင့် ၁၇ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အလုပ်သမားဝန်ကြီးဌာနသို့ ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးချစ်ဆွေနှင့် ဦးမျိုးသန့်တို့က ငလျင်ကြောင့်ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံနှင့် ရုံးပတ်လမ်း ပြန်လည်တည်ဆောက်ရန်အတွက် မြေသားစမ်းသပ်ခြင်း၊ ကွန်ကရစ်လမ်း နိမ့်ကျွံကွဲအက်ပျက်စီးခဲ့သောနေရာတွင် ၁၂ ပေအကျယ် မြေသားလမ်းခင်းခြင်း၊ သံကူကွန်ကရစ်နှင့် Bored Pile ကျောက်စီမြေကာနံရံအသစ်တည်ဆောက်ခြင်း၊ ယာယီရေထုတ်မြောင်းတည်ဆောက်ခြင်းနှင့် ဆောင်ရွက်မည့် အခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**လိုအပ်သည်များ လမ်းညွှန်မှာကြား**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် RC မြေထိန်းနံရံများ တည်ဆောက်ရန်အတွက် Bored Pile တူးဖော်နေမှု၊ ရုံးဝင်းအတွင်း Prefabricated Office ပေ(၄၀ x ၄၀)နှင့် ပေ(၄၀ x ၆၀) များဖြင့် ယာယီရုံးခန်းများဖွင့်လှစ်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျိုက်ထိုမြို့အထက(၂)၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းပြုလုပ်

**ကျိုက်ထို ဇူလိုင် ၁၅**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် လူငယ်လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းကို ယနေ့ နံနက်ပိုင်းက ကျိုက်ထိုမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။



ဦးစွာ အထက(၂)မှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းထွဋ်အောင်နှင့် စာပေချစ်သူများအသင်း (Book Club) အဖွဲ့မှ အဖွဲ့ဝင် ဦးတင်ထွေးတို့က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က လူငယ်စကားဝိုင်း ပြုလုပ်ပေးရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာပညာရပ်များသာမက ဗလငါးတန်နှင့်ပြည့်စုံရန်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး အသိဉာဏ်ဖွံ့ဖြိုးသူများဖြစ်စေရန် ပြင်ပစာအုပ်၊ စာပေတို့ကို လေ့လာခြင်းဖြင့် နိုင်ငံ့သားကောင်းလူငယ်များ ဖြစ်လာရေးတို့ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းကို ကျင်းပရာ အထက(၂) Grade (11)ကျောင်းသူ မသဇင်ဝင်းထွဋ်က အစီစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး Grade- (11)မှ မောင်အောင်ပြည့်ဖြိုး၊ Grade (10) မှ မဝေဖူးနိုင်၊ မမိုးထက်မဒီ၊ မဟေသာသာစံတို့က "လူငယ်နှင့်အပြောင်းအလဲ"၊ "မူးယစ်ဆေးဆိုကင်းစင်မှ အနာဂတ်ဘဝလှပ"၊ "လူငယ်နှင့်ရွှေရောင်မနက်ဖြန်"၊ "လူငယ်နှင့်အောင်မြင်မှု" စသည့် ခေါင်းစဉ်တို့ဖြင့် ၎င်းတို့ဖတ်ရှုလေ့လာထားသည့် စာရေးသူ၏ ဆိုလိုရင်းနှင့် ၎င်းတို့၏ အတွေ့အကြုံများ၊ အတွေးအခေါ်တို့ကို မျှဝေဆွေးနွေးခဲ့ကြသည်။

**ကျိုက်ထို(ပြန်/ဆက်)**

## ရေဝတီမြစ်ရေ ချောက်မြို့၊ ဟသ်ာတမြို့၊ ဇလွန်မြို့နှင့် ဆိပ်သာမြို့တို့၌ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၁၅**

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ချောက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟသ်ာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ချောက်မြို့နယ်၊ ဟသ်ာတမြို့နယ်၊ ဇလွန်မြို့နယ်နှင့် ဆိပ်သာမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## ဧရာဝတီမြစ်ရေ ညောင်ဦးမြို့၌ စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေ စစ်တောင်းမြစ်ရေ မဒေါက်မြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် ဇူလိုင် ၁၅**

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်စင်တီမီတာခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ညောင်ဦးမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## အင်္ဂပူမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် တပ်ဆင်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲကျင်းပ

**အင်္ဂပူ ဇူလိုင် ၁၅**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) တပ်ဆင်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ရွေးကောက်ပွဲအရာရှိ ဦးသူရလှိုင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါသင်တန်းကို သင်တန်းအပတ်စဉ် ရှစ်ကြိမ်၊ တစ်ကြိမ်လျှင် နှစ်ရက်နှုန်းနှင့် သင်တန်းသား ၁၀၀ ဖြင့် ဖွင့်လှစ်မည်ဖြစ်ပြီး စုစုပေါင်း သင်တန်းသား ၈၀၀ ခန့်အား သင်တန်းနည်းပြဆရာ ၁၀ ဦးက သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## မော်လမြိုင်မြို့နယ်၌ (၇၈)နှစ်မြောက် အာဇာနည်နေ့အကြောင်း အသိပညာပေးဟောပြော

**မော်လမြိုင် ဇူလိုင် ၁၅**

မော်လမြိုင်မြို့နယ် အမှတ်(၆)အခြေခံပညာမူလတန်း(လွန်) ကျောင်း၌ ယနေ့နံနက်ပိုင်းက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က အသိပညာပေးဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အာဇာနည်နေ့အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ လူတော်လူကောင်းဖြစ်လာစေရန်နှင့် နိုင်ငံ့သားကောင်းရတနာလေးများဖြစ်စေရန် အတတ်ပညာ၊ အသိပညာပြည့်ဝအောင် ကြိုးစားကြစေလိုကြောင်း စသည်ဖြင့် ဟောပြောခဲ့သည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာဗဟုသုတပြည့်ဝဖို့ စာအုပ်စာပေဖတ်ကြစို့၊ ကလေးအလုပ်သမားပပျောက်ရေး၊ အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**




**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ။**

# တူပြိုင်ပြိုင်လုပ်ကိုင်ကြပါစို့

ကမ္ဘာ့ဇာတ်ခုံကြီးမှ ကမ္ဘာ့တေးသံလိုက်၍ ကနိုင်တဲ့ ဗမာပြည်ကြီးဖြစ်အောင် ဖန်တီးပြုပြင်ကြစို့။ ဗမာပြည်ကြီးကို လွတ်လပ်ပြီး တိုးတက်ထွန်းကားတဲ့ တိုင်းပြည်ဖြစ်အောင် ကြံဆောင်ကြိုးစားကြစို့။ ယခုလက်ဝယ်ရှိတဲ့ လုပ်ငန်းတာဝန်အလိုက် ကျွန်တော်တို့ အလုပ်လုပ်ကြစို့။ ကျွန်တော်တို့အားလုံး စစ်သားရော၊ နိုင်ငံရေးသမားရော၊ စာရေးဆရာရော၊ သတင်းစာဆရာရော၊ ဗမာတစ်မျိုးသားလုံး ယခုပြောတဲ့အတိုင်း ခေတ်ပြောင်းအလုပ်ကို တူပြိုင်ပြိုင်လုပ်ကိုင်ကြပါစို့။

(၁၉၄၇ ခုနှစ် အိုးဝေမဂ္ဂဇင်းတွင် ပဲခူးကျောင်းဆောင်သား ဗိုလ်ချုပ်အောင်ဆန်း၏ အာဘော်နှင့် အောင်မြင်ဆန်းသစ်သော အတွေးအခေါ်များမှ ကောက်နုတ်ချက်)



## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဇူလိုင် ၁၅**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရုံးအမှတ်(၃၁) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့၏ သားသမီးများသည် နိုင်ငံ၏အနာဂတ်ဖြစ်သကဲ့သို့ ပညာရေးသည်လည်း နိုင်ငံတော်၏ အနာဂတ်ဖြစ်သောကြောင့် ပညာတတ်လူငယ်များဖြစ်လာစေရေး၊ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားနိုင်ရေး၊ အချိန်မတိုင်မီ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းထွက်ရခြင်းများမရှိစေရေးနှင့် တန်းစဉ်ကူးပြောင်းမှုတွင် အရေအတွက်သာမကဘဲ အရည်အချင်းပါ တိုးတက်လာစေရေးနှင့် မိဘများထက် သားသမီးများက ပိုမိုတော်သည့် လူတော်များဖြစ်လာစေရေး မိဘများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်တို့က ပေးအပ်ချီးမြှင့်ရာ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများက လက်ခံရယူကြသည်။ (ဓာတ်ပုံ)

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေများကို နှစ်စဉ်ထောက်ပံ့ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ကျောင်းသား ကျောင်းသူ ၁၈၄၉ ဦးအတွက် ပညာသင်ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ဂျူဒိုအားကစားနည်းမှ အားကစားသမားများ အပြီးသတ်လူရွေးချယ်ခြင်းနှင့် လက်ရည်ဆန်းစစ်ပြိုင်ပွဲကျင်းပ



**နေပြည်တော် ဇူလိုင် ၁၅**

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ရန်အတွက် ဂျူဒိုအားကစားနည်းမှအားကစားသမားများ တတိယအကြိမ်မြောက် အပြီးသတ်လူရွေးချယ်ခြင်းနှင့် လက်ရည်ဆန်းစစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)ရှိ ဂျူဒိုလေ့ကျင့်ရေးခန်းမ၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် အမျိုးသား Nage-no- Kata (နာဂေနိုခတ) ပြိုင်ပွဲများ၊ အမျိုးသမီး Ju- no- Kata (ဂျူးနိုခတ) ပြိုင်ပွဲများ၊ အမျိုးသား အမျိုးသမီး တစ်ဦးချင်းဝိတ်တန်းအလိုက် အတိုက်ပြိုင်ပွဲအုပ်စုပတ်လည်ပွဲစဉ်များနှင့် ဗိုလ်လုပွဲစဉ်များကို ယှဉ်ပြိုင်ကြပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပ၍ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများအား ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်အနေဖြင့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်နိုင်ရန်နှင့် အောင်မြင်မှုများ ရရှိစေရန်အတွက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၏ မှာကြားချက်များနှင့်အညီ ဂျူဒိုအားကစားသမားများအား လူရွေးချယ်ခြင်းနှင့် လက်ရည်ဆန်းစစ်ခြင်းပြိုင်ပွဲများကို ပထမအကြိမ်အဖြစ် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင်လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ဇွန် ၂၁ ရက်တွင်လည်းကောင်း ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ထန်းတပင်မြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေချပြရှင်းလင်း

**ထန်းတပင် ဇူလိုင် ၁၅**

ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဥပဒေချပြရှင်းလင်းခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသက်ဇော်က ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေ၏ အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်၊ ရည်ရွယ်ချက်များ၊ ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ဦးစီးဌာန၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များ၊ ကျေးလက်လမ်းများအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ချပြရှင်းလင်းခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်ကျေးစာရေးများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် အောက်ဆင်သေကြိုးဝိုင်း အကွက်အမှတ် ၃၀ ရှိ ဂေဟာစနစ်ဖြည့်တင်းရေးစိုက်ခင်း ဧက ၁၀၀ အတွင်း ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ကျောက်မျက်အသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးက အထိမ်းအမှတ် ပျဉ်းကတိုးပင်ကို သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးကာ ဒုတိယဝန်ကြီးနှင့် တက်ရောက်လာသူများက အထိမ်းအမှတ်သစ်ပင်များကို သတ်မှတ်နေရာများတွင် ဆက်လက်စိုက်ပျိုးပေးကြသည်။

ယနေ့ သစ်ပင်စိုက်ပျိုးပွဲတွင် ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ မဟော်ဂနီ၊ ယမနေ သစ်မျိုးများ အပါအဝင် စုစုပေါင်းသစ်မျိုး ၂၁ မျိုးဖြင့် ပျိုးပင် ၃၅၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အောက်ဆင်သေကြိုးဝိုင်းအတွင်း တည်ထောင်ထားရှိသော ၂၀၂၄ ကျေးရွာထင်းစိုက်ခင်းဧက ၁၀၀၊ ၂၀၂၅ ကျေးရွာထင်းစိုက်ခင်းဧက ၁၀၀ နှင့် ၂၀၂၄ ဂေဟာစနစ်ဖြည့်တင်းရေးစိုက်ခင်းဧက ၁၀၀ တို့၏ ရှင်သန်အောင်မြင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး (ယာပုံ) လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**







# မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားမြှင့်တင်ရေးပြခန်း ရုရှားနိုင်ငံသားများ အထူးစိတ်ဝင်စားမှုရှိခဲ့ပြီး လာရောက်သူများဖြင့် စည်ကား

**နေပြည်တော် ဇူလိုင် ၁၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့၌ ဇူလိုင် ၁၁ ရက်မှ ၁၃ ရက်အထိ "In Siberia–THERE is!" ခေါင်းစဉ်ဖြင့်ကျင်းပသော အစားအစာနှင့် ခရီးသွားပြပွဲတွင် ပါဝင်ခဲ့သည့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားမြှင့်တင်ရေးပြခန်းသည် ရုရှားနိုင်ငံသားများနှင့် နိုဗိုစီဗစ်မြို့သူ မြို့သားများ၏ အထူးစိတ်ဝင်စားမှုကို ရရှိခဲ့ပြီး လာရောက်သူများဖြင့် စည်ကားခဲ့သည်။

မြန်မာနိုင်ငံ ကိုယ်စားပြု ခရီးသွားမြှင့်တင်ရေး ပြခန်းသို့ လာရောက်ကြသူများသည် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်မှုများကို စိတ်ဝင်တစား မေးမြန်းလေ့လာခဲ့ကြသည်။

ပြခန်းတွင် မြန်မာနိုင်ငံမှ ပညာတော်သင် ကျောင်းသားများ၊ ကောင်စစ်ဝန်ရုံး မိသားစုများက မြန်မာ့ရိုးရာ သူငယ်တော်အက၊ တစ်ပင်တိုင် မင်းသားအက၊ ဦးရွှေရိုးနှင့် ဒေါ်မိုးအက၊ မြန်မာ့ရိုးရာရုပ်သေးအက၊ မြန်မာ့စောင်း၊ မြန်မာ့ရိုးရာ ခြင်းလုံးတို့ဖြင့် ဖျော်ဖြေတင်ဆက်ပေးကြသည့်အတွက် နိုဗိုစီဗစ်မြို့သူ မြို့သားများက တစ်ခဲနက်အားပေးကြပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသူ ရုရှားနိုင်ငံသား ပရိသတ်များဖြင့် ပြခန်းသည်အထူးစည်ကားခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံမှ ဝါရင့်စားဖိုမှူးကြီးနှင့် မြန်မာမိသားစုများက မြန်မာ့အစားအစာများကို ချက်ပြုတ်တည်ခင်း ပြသဧည့်ခံခဲ့ရာ ပြပွဲလာရောက်ကြသူများ နှစ်သက်စွာ အားပေးခဲ့ကြပြီး တည်ခင်းဧည့်ခံသည့် အစားအစာများထဲမှ မြန်မာ့မုန့်ဟင်းခါးနှင့် လက်ဖက်ကို အထူးနှစ်သက်စွာ အားပေးခဲ့ကြသည့်အပြင် မြန်မာ့ဝိုင်ကိုလည်း စိတ်ဝင်စားမှုများပြားခဲ့ကြောင်း သိရသည်။

အဆိုပါအစားအစာနှင့် ခရီးသွားပြပွဲကို နိုဗိုစီဗစ်မြို့ အော့မြစ်ဘေးရှိ မီခါရိုလော့ဖ်စကားရားပန်းခြံ၌ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပွဲကျင်းပသည့် သုံးရက်တာကာလအတွင်း မြန်မာနိုင်ငံကိုယ်စားပြုပြခန်းသို့ လာရောက်လည်ပတ်သူ သိန်းဂဏန်းဝန်းကျင်ရှိခဲ့သည်။





ပြပွဲ လာရောက်သူများ၏ စိတ်ဝင်စားအားပေးမှုသာမက နိုဗိုစီဗစ်အစားအစာနှင့် ခရီးသွားပြပွဲကျင်းပရေးကော်မတီက ပြုလုပ်သည့် အစားအစာ၊ အချက်အပြုတ်၊ အပျော်တမ်းပြိုင်ပွဲ၌လည်း မြန်မာ့အစားအစာများကို ချက်ပြုတ်ပြသခဲ့ရာ ပြိုင်ပွဲဝင်များအကြား စိတ်ဝင်စားမှု များပြားခဲ့သည်။

ထိုသို့ ပါဝင်ပြသခြင်းဖြင့် မြန်မာ့ရိုးရာ အစားအစာများ၊ မြန်မာ့ယဉ်ကျေးမှုအနုပညာများနှင့် မြန်မာနိုင်ငံ၏ အထင်ကရခရီးစဉ်ဒေသများအကြောင်း ပြပွဲသို့လာရောက်သူများထံ တိုက်ရိုက်ဖြန့်ဝေဆောင်ရွက်နိုင်ခြင်း၊ ရုရှားခရီးသွားများ မြန်မာနိုင်ငံအကြောင်း ပိုမိုသိရှိကာ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ပြပွဲလာ နိုင်ငံတကာနှင့် ရုရှားနိုင်ငံတို့မှ ခရီးသွားလုပ်ငန်းများ၊ ရုရှားနိုင်ငံသားများ အထူးသဖြင့် နိုဗိုစီဗစ်မြို့သူ မြို့သားများထံ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ဖြန့်ဝေမိတ်ဆက်နိုင်ခဲ့သောကြောင့် ရုရှားခရီးသွား ဈေးကွက်မြှင့်တင်နိုင်ရန် များစွာ အထောက်အကူဖြစ်စေခဲ့သည်။

**သတင်းစဉ်**



# ကျောင်းသား ကျောင်းသူများ ကျောင်းနေပျော်၍ စာတော်ပြီး တိုင်းပြည်ချစ်စိတ်ရှိအောင်၊ လိမ္မာယဉ်ကျေးမှုရှိအောင် သင်ကြားလေ့ကျင့်ပေးရေးမှာကြား

**နေပြည်တော် ဇူလိုင် ၁၅**

ကျောင်းသား ကျောင်းသူများ ကျောင်းနေပျော်၍ စာတော်ပြီး တိုင်းပြည်ချစ်စိတ်ရှိအောင်၊ လိမ္မာယဉ်ကျေးမှုရှိအောင် သင်ကြားလေ့ကျင့်ပေးရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ယမန်နေ့ နံနက်ပိုင်းက တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများနှင့် အွန်လိုင်းဖြင့်တွေ့ဆုံစဉ် ဆွေးနွေးမှာကြားခဲ့သည်။



အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် ကျောင်းသား ကျောင်းသူများ ကျောင်းနေပျော်ရန် ဆရာ ဆရာမများက အင်တိုက်အားတိုက် စေတနာအပြည့်အဝထား၍ သင်ကြားပေးကြစေလိုကြောင်း၊ မိမိတို့တတ်မြောက်ထားသည့် ပညာရပ်များဖြင့် မိမိတို့တာဝန်ယူသင်ကြားနေသော ဘာသာရပ်များကို ကျောင်းသား ကျောင်းသူများ အမှန်တကယ် တတ်မြောက်အောင် သင်ကြားနိုင်မှသာလျှင် တာဝန်ကျေပွန်မည်ဖြစ်ပါကြောင်း၊ ထို့ပြင်တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အားကစားလှုပ်ရှားမှုများ စနစ်တကျကျင်းပဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တက္ကသိုလ်များတွင် အထူးပြုဘာသာရပ်အသီးသီးမှ စတုတ္ထနှစ်နှင့် ပဉ္စမနှစ် ကျောင်းသား ကျောင်းသူများအနေဖြင့် project များကို မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်များရှိ သိပ္ပံဌာနများတွင် လက်တွေ့ခန်းသုံးပစ္စည်းများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို သတ်မှတ်ချက်များအတိုင်း စနစ်တကျ အကျိုးရှိထိရောက်စွာ အသုံးပြုကြရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများအနေဖြင့် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများတွင် Green Card ရှိသော ဆရာ ဆရာမများကိုသာ ခန့်ထားခြင်းနှင့် ဥပဒေတွင် ပါရှိသည့် ညွှန်ကြားချက်များအတိုင်း လိုက်နာမှုရှိစေရေး ကြီးကြပ်ဆောင်ရွက်ကြစေလိုကြောင်း၊ စက်တင်ဘာလအတွင်း တက္ကသိုလ်များစာမေးပွဲ ဖြေဆိုရာတွင် အမှားအယွင်းမရှိစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဆရာ ဆရာမများ စဉ်းစားတွေးခေါ်မှုကို အားပေးသည့် သင်ကြားသင်ယူမှုနည်းစနစ်များကို အသုံးပြုသင်ကြားစေလိုကြောင်း၊ ဒေသတွင်း အကျိုးစီးပွားကို အထောက်အကူပြုသည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အခြေခံပညာကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများတွင် နိုင်ငံတော်အလံ အလေးပြုခြင်းကို မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုစဉ်အတွင်း ပိတ်ထားသည့်ကျောင်းများ အစားထိုးဖွင့်လှစ်ခြင်းများ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးအောင်မြိုင် မိတ္ထီလာမြို့ရှိ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၏ (၄၇)နှစ်မြောက် ကျောင်းနှစ်ပတ်လည်နေ့အခမ်းအနား တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ယနေ့တွင် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ မိတ္ထီလာမြို့ရှိ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၏ (၄၇) နှစ်မြောက် ကျောင်းနှစ်ပတ်လည်နေ့အခမ်းအနား တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီးသည် နှစ်ပတ်လည်နေ့ အခမ်းအနား ဂုဏ်ပြုအမှာစကား ပြောကြားပြီး တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများ၌ ထူးချွန်ဆုရရှိကြသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ထို့နောက် ကျောင်းအုပ်ကြီးက ကျောင်းဝင်းအတွင်းရှိ ရထားမြို့ပြ သရုပ်ပြဆောင်၊ ရထားစက်မှုနှင့်လျှပ်စစ် သရုပ်ပြဆောင်၊ ရထားသွားလာပို့ဆောင်ရေး သရုပ်ပြဆောင်နှင့် မော်တော်ယာဉ် သင်တန်း သရုပ်ပြဆောင်တို့ကို လိုက်လံရှင်းလင်းပြသရာ ဒုတိယဝန်ကြီးက သင်တန်းသားများကို ဌာနအဖွဲ့အစည်းများအတွက် စွမ်းဆောင်ရည် မြင့်မားသော ဝန်ထမ်းများဖြစ်အောင် လေ့ကျင့်သင်ကြားပေးရန်၊ သင်တန်းအလိုက် သင်တန်းသားများ အမှန်တကယ် ကျွမ်းကျင်တတ်မြောက်စေရန်နှင့် ဝန်ထမ်းများအနေဖြင့် သင်တန်းမှရရှိခဲ့သည့် အသိပညာ၊ အတတ်ပညာများကို လက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်စေရန် နည်းပြများအနေဖြင့် စနစ်တကျ လေ့ကျင့်သင်ကြားပေးရန် မှာကြားသည်။



ယင်းနောက် ဝန်ထမ်းမိသားစုများနှင့် သင်တန်းသားများ၏ သက်သာ ချောင်ချိရေးအတွက် ငါးမွေးမြူထားရှိမှု၊ ကြက်၊ ဘဲ၊ ဝက်နှင့် နွားမွေးမြူရေး ခြံများတွင် မွေးမြူရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ထားမှုနှင့် မှို စိုက်ပျိုးရေး ဆောင်ရွက်ထားမှုတို့ကို လှည့်လည်ကြည့်ရှုရာ ကျောင်းအုပ်ကြီးနှင့် သက်ဆိုင်ရာ တာဝန်ခံများက ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက နေရာဒေသနှင့် ကိုက်ညီသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျ ဦးစားပေး လုပ်ကိုင်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး နေပြည်တော်အားကစား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇူလိုင် ၁၅**

နေပြည်တော် အားကစားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်က ပြည်နယ်နှင့် တိုင်းဒေသကြီး ပြိုင်ပွဲများတွင် နေပြည်တော်ကိုယ်စားပြု အားကစားအသင်းများမှ အောင်မြင်မှုရရှိရေးနှင့် နိုင်ငံတော်အတွက် အားထားရသည့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ နေပြည်တော်၏ အားကစားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ရာတွင် အားကစားနည်းအလိုက် အုပ်ချုပ်သူများ၊ နည်းပြများ၊ အဖွဲ့ခေါင်းဆောင်များက အတူတကွ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။



အားကစားအသင်းတစ်သင်း အောင်မြင်မှု ရရှိရန်အတွက် အရည်အချင်းရှိသော အားကစားသမားများ ပါဝင်နိုင်ရေး၊ အဆင့်မီသည့် နည်းပြများနှင့် အားကစားသမားများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် နေပြည်တော်ကိုယ်စားပြု အားကစားအသင်းများ အောင်မြင်မှုရရှိအောင် ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြရန် လိုကြောင်း၊ အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် မီးခဲပြာဖုံးအရည်အချင်းရှိသော အားကစားသမားများ ရှာဖွေလေ့ကျင့်ပေးခြင်း၊ အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပခြင်း၊ အရည်အချင်းပြည့်ဝသော နည်းပြများမွေးထုတ်ပေးခြင်း၊ လိုအပ်ချက်များကို ဝိုင်းဝန်းပူးပေါင်း ဖြည့်ဆည်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက် လာကြသူများက သက်ဆိုင်ရာ အားကစားနည်းအလိုက် ဆွေးနွေးတင်ပြကြပြီး နေပြည်တော် ကောင်စီဝင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# အိမ်မဲမြို့နယ်၌ မိုးစပါးမျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်း မြေဩဇာကြွဲပက်ခြင်းအခမ်းအနားကျင်းပ



**အိမ်မဲ ဇူလိုင် ၁၅**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ဘုရားကြီးကုန်းကျေးရွာအုပ်စု ဆိတ်ချေးကုန်းကျေးရွာ ကွင်းအမှတ်(၄၄-က) ဦးပိုင်အမှတ် (၂၃ /၁)ရှိ တောင်သူ ဦးအောင်သောင်း၏ လယ်မြေ ၄ ဒသမ ၅ ဧကတွင် ရေဆင်းပေါ်ဆန်း(၁/၂)၊ အောင်နိုင်တိုးမျိုးသုံးမျိုး မျိုးသန့်မျိုးစေ့ထုတ်စိုက်ပျိုးထားသည့်စိုက်ခင်းအား မြေဩဇာကြွဲပက်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါစိုက်ခင်းများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ယူရီးယားတစ်ဆ၊ မြေဆွေးသုံးဆရောစပ်၍ မြေဩဇာကြွဲပက်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ မြောင်းမြခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအဖွဲ့ဝင်များ တောင်သူများ တက်ရောက်ကြည့်ရှုအားပေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးက စိုက်ပျိုးမည့် လယ်ယာမြေများတွင် မြေဩဇာထည့်သွင်းရမည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး မိုးစပါးအထွက်နှုန်းတိုးတက်စေရေးအတွက် ကြဲခင်းစနစ်ပပျောက်ရေး၊ သီးနှံစိုက်စွမ်းအားမြှင့်တင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ အထွက်နှုန်းတိုးတက်စေရေး၊ ပန်းတိုင်အထွက်နှုန်းရရှိစေရေးတို့ကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **အိမ်မဲ (ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တတိယအကြိမ်မြောက် အာဆီယံပထဝီစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းအဝေး တက်ရောက်




**နေပြည်တော် ဇူလိုင် ၁၅**

တတိယအကြိမ်မြောက် အာဆီယံပထဝီ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းအဝေး (3rd Meeting of ASEAN Geoeconomics Task Force) ကို ယနေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ မြန်မာနိုင်ငံ၏ အာဆီယံပထဝီစီးပွားရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဝါဝါမောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

**ဆွေးနွေး**

အစည်းအဝေးတွင် အာဆီယံနိုင်ငံများအပေါ် အမေရိကန်၏ အကောက်ခွန်နှုန်းထား အသစ်များဖြင့် ကောက်ခံမှုဆိုင်ရာကိစ္စရပ်များ၊ လက်ရှိဖြစ်ပေါ်နေသည့် ပထဝီ စီးပွားရေးစိန်ခေါ်မှုများအပေါ် အာဆီယံအနေဖြင့် မူဝါဒဆိုင်ရာ ရင်ဆိုင်တုံ့ပြန်မည့် အာဆီယံပေါင်းစည်းမှု အစီရင်ခံစာ ရေးဆွဲရေး၊ အာဆီယံ-အမေရိကန် အနာဂတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းခိုင်မာစေရေးနှင့် လုပ်ငန်းအဖွဲ့၏ ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြသည်။

**ပူးပေါင်းဆောင်ရွက်**

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့ပထဝီစီးပွားရေး အခြေအနေကို အာဆီယံ၏ ခိုင်မာ၍အားလုံးပါဝင်သည့် စီးပွားရေးပေါင်းစည်းမှုဖြင့် တုံ့ပြန်ဆောင်ရွက်နိုင်ကြောင်း၊ ဒေသဆိုင်ရာချဉ်းကပ်မှုနည်းလမ်းသည် ပိုမိုညီညွတ်ထိရောက်မှုရှိစေရေးအတွက် စီးပွားရေးမဏ္ဍိုင်နှင့် နိုင်ငံရေးမဏ္ဍိုင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုခိုင်မာအားကောင်းရန် လိုအပ်ကြောင်း၊ အာဆီယံပေါင်းစည်းမှု အစီရင်ခံစာ (ASEAN Integration Report-AIR) ရေးဆွဲအကောင်အထည်ဖော်ရာတွင် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်၍ အာဆီယံ၏ ဗဟိုကျမှု (ASEAN Centrality) ကိုထည့်သွင်းစဉ်းစားရန်၊ ဒေသတွင်းကြံ့ကြံ့ခံနိုင်မှုကို မြှင့်တင်ရန်နှင့် ထောက်ပံ့ရေးကွင်းဆက်များချိတ်ဆက်မှု ပိုမိုအားကောင်းအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အာဆီယံပေါင်းစည်းမှုအစီရင်ခံစာအတွက် လေ့လာဆန်းစစ်မှုပြုလုပ်ရာတွင် အဖွဲ့ဝင်နိုင်ငံများ၏ အချက်အလက်များအားလုံး ပါဝင်မှုသည် အရေးကြီးကြောင်း၊ အာဆီယံ-အမေရိကန် မဟာဗျူဟာမြောက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပြန်လည်သုံးသပ်၍ နောက်ထပ် နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို သတ်မှတ်ရန်လိုအပ်ကြောင်း၊ ဒေသတွင်း စီးပွားရေးမျှော်မှန်းချက်များ ချမှတ်ရေးဆွဲရာတွင် မြန်မာနိုင်ငံအနေဖြင့် အခြားအာဆီယံနိုင်ငံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**ဖွဲ့စည်းထား**

အာဆီယံ ပထဝီစီးပွားရေး လုပ်ငန်းအဖွဲ့ (ASEAN Geoeconomics Task Force) ကို ၂၀၂၅ ခုနှစ် ဧပြီ ၁၀ ရက်တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့သည့် အာဆီယံ စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေး၏ သဘောတူညီချက်ဖြင့် လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှု အပြောင်းအလဲများကြောင့် အာဆီယံဒေသတွင်း၌ ရရှိနိုင်မည့် အကျိုးကျေးဇူးများ၊ ထိခိုက်နိုင်မှုများကို သုံးသပ်နိုင်ရန်နှင့် အာဆီယံ စီးပွားရေးဝန်ကြီးများထံသို့ မူဝါဒဆိုင်ရာ ထောက်ခံတင်ပြချက်များ ပြန်လည်တင်ပြရန်အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းအဖွဲ့တွင် အာဆီယံနိုင်ငံများမှ ဒုတိယဝန်ကြီးအဆင့် တစ်ဦးစီနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းမှ အကြီးတန်း စီးပွားရေးပညာရှင်တစ်ဦးစီတို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲအုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၅**

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲအုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ဇူလိုင် ၁၁ ရက်မှ ၁၈ ရက်အထိ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် ဖန်လေးဖန်ခွဲ၍ ကျင်းပလျက်ရှိသည်။

ယနေ့မွန်းလွဲ ၃နာရီမှ စတင်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အားကစားဥယျာဉ်ကွင်းတွင် ချင်းပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကယားပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို ခုနစ်ဂိုး - တစ်ဂိုးဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် ရခိုင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ကိုးဂိုး- ဂိုးမရှိဖြင့်လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်းတွင် မွန်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မွန်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းတွင် ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက် တစ်ဂိုးစီ သရေရလဒ်ဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

သက်ဆိုင်ရာဇုန်များအလိုက် အားကစားကွင်းအသီးသီးတွင် အသင်းများ၏အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့မှုများကို တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဘောလုံးအားကစားဝါသနာရှင် ပွဲကြည့်ပရိသတ်များက တစ်ခဲနက်လာရောက် ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၂၅ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် ပြိုင်ပွဲ ၁ ရက်နားမည်ဖြစ်ပြီး ၁၇ ရက် မွန်းလွဲ ၃ နာရီမှစတင်၍ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အားကစားဥယျာဉ်ကွင်းတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်းတွင် ကရင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားကြမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ပါကြောင်းနှင့် ဇွန် ၂၂ ရက်မှစတင်၍အမျိုးသားဘောလုံးပြိုင်ပွဲရှုံးထွက်ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ရန်ကုန်မြို့ရှိ အားကစားကွင်းများတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

✻ *ကျောဖုံးမှ*

နိုင်ငံပေါင်း ခြောက်နိုင်ငံမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်း ယှဉ်ပြိုင်ခဲ့ရာ ပြိုင်ပွဲပထမနေ့တွင် အမျိုးသားကနူးတစ်ယောက်လှော် မီတာ(၁၀၀၀) ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ U-18 အမျိုးသားတစ်ယောက်လှော် မီတာ (၁၀၀၀) ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကို လည်းကောင်း၊ U-18 အမျိုးသား ကနူးတစ်ယောက်လှော် မီတာ (၅၀၀)ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကို လည်းကောင်း၊ U-18 အမျိုးသား ကယက်တစ်ယောက်လှော် မီတာ(၅၀၀)ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုနှင့် ကြေးတံဆိပ်ဆုကို လည်းကောင်း၊ ပြိုင်ပွဲဒုတိယနေ့တွင် အမျိုးသားကနူးနှစ်ယောက်လှော် မီတာ (၂၀၀) ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ အမျိုးသား ကနူး လေးယောက်လှော် မီတာ (၂၀၀) ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ အမျိုးသား ကနူးတစ်ယောက်လှော် မီတာ (၂၀၀) ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ U-18အမျိုးသား ကနူးတစ်ယောက်လှော် မီတာ(၂၀၀)ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ အမျိုးသားကနူး တစ်ယောက်လှော် မီတာ (၅၀၀) ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကို လည်းကောင်း၊ အမျိုးသား ကနူးနှစ်ယောက်လှော် မီတာ (၅၀၀) ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ အမျိုးသားကနူး လေးယောက်လှော် မီတာ (၅၀၀) ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ အမျိုးသား ကယက် လေးယောက်လှော်မီတာ (၅၀၀) ပြိုင်ပွဲများတွင် ကြေးတံဆိပ်ဆုများကို လည်းကောင်း ဆွတ်ခူးရရှိခဲ့ကြပြီး နိုင်ငံအလိုက် ပထမရရှိခဲ့သည်။ အောင်ပွဲရအားကစားအဖွဲ့မှ အဖွဲ့ခေါင်းဆောင်၊ အသင်းအုပ်ချုပ်သူ၊ နည်းပြအပါအဝင် အားကစားသမားစုစုပေါင်း ၁၁ ဦးတို့သည် ယမန်နေ့ ည ၁၀ နာရီခွဲက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အားကစားအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားသမားများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှ သင်တန်းသား သင်တန်းသူများနှင့် မိဘပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၄/၂၀၂၅) ကျင်းပ

**ပဲခူး ဇူလိုင် ၁၅**

ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မား ရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီ စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၄/၂၀၂၅)ကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း က နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအား ဖတ်ကြားရှင်းလင်းပြောကြားသည်။ ထို့နောက် တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်၊ ပဲခူးခရိုင်၊ ပြည်ခရိုင်၊ နတ်တလင်းခရိုင်နှင့် သာယာဝတီခရိုင်တို့မှ ခရိုင်စိုက်ပျိုးရေးဦးစီးမှူးများက မြို့နယ်အလိုက် မိုးရာသီတွင် စိုက်ပျိုးလျက်ရှိသည့် သီးနှံများအလိုက် လက်ရှိစိုက်ပျိုးပြီးစီးမှုအခြေအနေ၊ စိုက်ပျိုးသီးနှံ အလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်သွားမည့်လုပ်ငန်းစီမံချက်နှင့်ဒေသတွင်း ဆန်၊ ဆီ ဖူလုံရေး ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို ပါဝါပွိုင့်ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြခဲ့ကြသည်။ ယင်းနောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးက ခရိုင်အလိုက်တင်ပြချက်များနှင့်ပတ်သက်၍ သုံးသပ် အကြံပြုတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်က သွင်းအားစုဓာတ်မြေဩဇာရရှိမှုအပေါ် မူတည်၍ မြို့နယ်အလိုက် တောင်သူတစ်ပိုင်တစ်နိုင် သဘာဝမြေဩဇာထုတ်လုပ်နိုင်ရေးနှင့် အသိပညာ ပေးခြင်းလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်သွားရန်ကိုလည်းကောင်း၊ တက်ရောက်လာသည့် တိုင်းဒေသကြီး စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှု အဖွဲ့၊ အဖွဲ့ဝင်များနှင့် ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းအကြံပြုတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြို့နယ်တစ်ခုချင်းအလိုက် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မိုင်းဆတ်-တာချီလိတ်လမ်းပေါ်ရှိ ဆိုက်ခေါင်တံတားသစ် စီမံကိန်းနေရာနှင့် လက်ရှိအသုံးပြုနေသည့် တံတားဟောင်း၏ ကြံ့ခိုင်မှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မိုင်းဆတ် - တာချီလိတ်လမ်းပေါ်ရှိ ဆိုက်ခေါင် တံတားသစ် စီမံကိန်းနေရာနှင့် လက်ရှိ အသုံးပြုလျက်ရှိသော ဘေလီတံတား၏ ကြံ့ခိုင်မှုအခြေအနေများအား ဇူလိုင် ၁၄ ရက် ညနေပိုင်းတွင် တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု စစ်ဆေးသည်။



ဦးစွာ တိုင်းမှူးနှင့်အဖွဲ့ဝင်များအား တံတားဦးစီးဌာနမှ တာဝန်ရှိသူက တံတားသစ်စီမံကိန်းအား တစ်ဆင့်ချင်းအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေ၊ Bored Pile ၁၀ ခု စိုက်ထူသွားမည့်နေရာနှင့် ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လက်ရှိအသုံးပြုလျက်ရှိသော ဘေလီတံတား၏ ကြံ့ခိုင်မှု အခြေအနေများကို တာဝန်ရှိသူများနှင့်အတူလိုက်လံ စစ်ဆေးကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

အဆိုပါ တံတားသစ်စီမံကိန်းမှာ ၂၀၂၅ - ၂၀၂၆ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော မိုင်းဆတ် - တာချီလိတ်လမ်းပေါ်မှ နမ့်ခုတ်ချောင်းကူး တံတားစီမံကိန်းဖြစ်ကာ အရှည်ပေ ၄၂၀ ရှိ RC Concrete အမျိုးအစားတံတားဖြစ်ပြီး ၂၀၂၅ ခုနှစ် ဧပြီ ၁ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စီမံကိန်းတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများမှ ဒုတိယအကြိမ် ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၁၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်း ဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွာငံနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိပြီး စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းများကို အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ဖြင့် သင်ကြားပေးလျက်ရှိသည်။

ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခုကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများတွင် စနေ၊ တနင်္ဂနွေနေ့ အထူးသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒုတိယအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းကို ဇွန် ၉ ရက်မှ ဇူလိုင် ၁၈ ရက်အထိ ဖွင့်လှစ်လျက်ရှိပြီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း ၁၀ ကျောင်းတွင် သင်တန်းသား ရှစ်ဦး၊ သင်တန်းသူ ၂၅၂ ဦး စုစုပေါင်း သင်တန်းသားသင်တန်းသူ ၂၆၀ တက်ရောက်လျက်ရှိကာ မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်ရန် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ကာယဆရာ၊ ဆရာမများ တင်းနစ်သင်ကြားရေးသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာအထောက်အကူပြုလုပ်ငန်းကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီးအခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် "ကာယဆရာ၊ ဆရာမများတင်းနစ်သင်ကြားရေးသင်တန်း - ၂၀၂၅ သင်တန်းဆင်းပွဲကိုယမန်နေ့ညနေ ၄ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူ တင်းနစ်ကွင်း၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က အမှာစကား ပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်ဆန်းက နှုတ်ခွန်းဆက်စကားပြောကြား၍ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး တိုင်းပညာရေးမှူး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ချိုချိုမြတ်အောင်က ဂုဏ်ပြုစကား ပြောကြားသည်။



ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးလူမှုရေးရာ ဝန်ကြီးဦးဌေးအောင်၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြု လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် ကော်မတီဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန် ရှိသူများက သင်တန်းသူ၊ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်နှင့် ITF တင်းနစ်ဘောလုံးများပေးအပ်ကြသည်။ သင်တန်းသို့ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ International ကျောင်းများမှ ဆရာ ဆရာမ ၄၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၅**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# ဒီမိုကရေစီ၊ ကိုယ်ချင်းစာစိတ်နှင့် ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်ထားနှလုံးသား

ကြယ်စင်ဖေသင်

- **"လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်ဆိုတာဘာလဲ။ လွတ်လပ်ရေးဆိုတာ တစ်ဦးတစ်ယောက် ကောင်းစားဖို့ဖြစ်စေ၊ တစ်မျိုးလုံးကောင်းစားဖို့ဖြစ်စေ၊ လုပ်တဲ့နေရာမှာ အခြားတစ်ဦးတစ်ယောက်ရဲ့အကျိုးကို မထိခိုက်ဘဲနဲ့၊ အခြားသူတွေရဲ့အကျိုးကို မထိခိုက်ဘဲနဲ့ လွတ်လွတ်လပ်လပ်နဲ့ ကိုယ့်တိုးတက်မှုအတွက် လုပ်နိုင်တာဟာ လွတ်လပ်ရေးပဲ"**
- **ဗိုလ်ချုပ်၏ ပြုမူပြောဆိုမှုများအားလုံးသည် ရဲရင့်ပွင့်လင်းသော အသွင်သဏ္ဌာန်ဆောင်၍ စာနာတတ်သည့်စိတ်ထားပါရှိနေသကဲ့သို့ ၎င်းမျှော်မှန်းထားသည့် နိုင်ငံရေးစနစ်သည်လည်း နိုင်ငံသူ၊ နိုင်ငံသားအသီးသီးတို့ ကိုယ်ချင်းစာစိတ်ထားတတ်သည့် အလေ့အကျင့်ကောင်းရရှိလျက် လွတ်လပ်မှု၊ မျှတမှု ဖြစ်စေမည့် တာရှည်ခံ ဒီမိုကရေစီစနစ်မျိုးဖြစ်**

ဒီမိုကရေစီသဘောတရားနှင့် ပတ်သက်၍ အတွေးအခေါ်ပညာရှင်များ၊ သုတေသီများက ရှုထောင့်အမျိုးမျိုးဖြင့် အဓိပ္ပာယ် ဖွင့်ဆိုထားကြသော်လည်း "ဒီမိုကရေစီသည် လွတ်လပ်သည်" ဟူသော အယူအဆပေါ်၌ ယေဘုယျအားဖြင့် တူညီမှုရှိကြသည်။

ဒီမိုကရေစီသဘောတရားကို အကောင်အထည်ဖော်ရာတွင် လွတ်လပ်မှုနှင့်အတူ ဘေးပတ်ဝန်းကျင်ထိခိုက်မှုမရှိခြင်းဟူသော အခြေအနေကိုပါ တစ်ပြိုင်နက်စဉ်းစားရန် လိုသည်။ ဆိုလိုသည်မှာ လူတစ်ဦးတစ်ယောက်၊ အဖွဲ့တစ်ဖွဲ့၏ လွတ်လပ်စွာ ပြောဆိုပြုမူလုပ်ကိုင်ခြင်းသည် အခြားတစ်ဦး၊ အခြားအုပ်စု၊ အခြားလူမျိုးတစ်မျိုးကို ထိခိုက်မှုမဖြစ်စေသည့် အခြေအနေမျိုးဖြစ်နေရမည်။ ထိုအချက်သည် ဒီမိုကရေစီအယူအဆနှင့် ကိုယ်ချင်းစာစိတ်တို့ ယှဉ်တွဲနေသည်ကို ဆိုလိုခြင်းဖြစ်သည်။ ကိုယ်ချင်းစာခြင်းသည် မိမိအလိုဆန္ဒနှင့် နှိုင်းယှဉ်လျက် အခြားသူတစ်ဦးတစ်ယောက်အပေါ်တွင် နားလည်မှုရှိခြင်းဖြစ်သည်။ စိတ်ထင်တိုင်း လွတ်လပ်စွာလှုပ်ရှားပြုမူ ပြောဆိုဆောင်ရွက်ခြင်းသည် ဒီမိုကရေစီမဟုတ်ပါ။

ထို့ကြောင့် ဒီမိုကရေစီသည် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသော လွတ်လပ်ခြင်းကို ဗဟိုပြု၏။ ဒီမိုကရေစီအယူအဆကိုကိုင်စွဲလျက် ပြုမူလုပ်ဆောင်နေသည့် လူတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ဖွဲ့သည် ၎င်းတို့၏ စိတ်ထား၊ ခံစားမှုနှင့် တူညီစွာအခြားသူတစ်ဦး၊ တစ်ဖွဲ့အပေါ်တွင်လည်း ပြုမူရမည်။ ထို့ကြောင့် ဒီမိုကရေစီအယူအဆတွင် ကိုယ်ချင်းစာတတ်သည့်စိတ်ထား အလိုအလျောက် တည်ရှိနေပြီးသားဖြစ်သည်ကို သတိပြုရပါမည်။

ဒီမိုကရေစီ အယူအဆတွင် ကိုယ်ချင်းစာစိတ်ကိန်းဝပ်နေခြင်းနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံသူ ဒဿနိက ပါမောက္ခ Elizabeth Anderson က ကိုယ်ချင်းစာမှုသည် ဒီမိုကရက်တစ် ယဉ်ကျေးမှု၏ အဓိက အစိတ်အပိုင်းထဲမှ တစ်ခုဖြစ်သည်ဟု ဆိုထားသည်။ ဒီမိုကရေစီတွင် ကိုယ်ချင်းစာစိတ်နှင့် လုပ်ပိုင်ခွင့်တို့ ယှဉ်တွဲတည်ရှိနေသည်။

ကိုယ်ချင်းစာစိတ်ထားတတ်ကြသော နိုင်ငံသူ၊ နိုင်ငံသားများရှိသည့် လူ့အဖွဲ့အစည်းတစ်ရပ်တွင် အကျိုးစီးပွားတစ်ရပ်ကို အားလုံး သဟဇာတဖြစ်စွာ မျှဝေခံစားကြသည်ဟု မှတ်ယူနိုင်သည်။ ဒီမိုကရေစီ အလေ့အထဖြင့် ရပ်တည်နေသော အစိုးရတစ်ရပ်သည် ကိုယ်ချင်းစာစိတ်ထားရှိသည့် လူ့အဖွဲ့အစည်းတစ်ရပ်၏ အကျယ်ပြန့်ဆုံးပုံစံတစ်ရပ် ဖြစ်သည်ဟု ၎င်းက မှတ်ချက်ပြုထားသည်။

ထို့ကြောင့် လူ့အဖွဲ့အစည်းတစ်ရပ်၌ ဒီမိုကရေစီ အလေ့အထအားကောင်းမှု၊ မကောင်းမှုအခြေအနေက အဆိုပါလူ့အဖွဲ့အစည်းအတွင်း၌ ကိုယ်ချင်းစာစိတ်ထားနိုင်မှု အခြေအနေအနည်း၊ အများပေါ်တွင် များစွာ မူတည်လျက်ရှိနေပေသည်။

**ဗိုလ်ချုပ်အောင်ဆန်း၏ ဒီမိုကရေစီ အယူအဆ**

ဗိုလ်ချုပ်အောင်ဆန်းက ဒီမိုကရေစီအယူအဆနှင့်ပတ်သက်၍ ကောင်းစွာသဘောပေါက်ခဲ့သူဖြစ်သည်ကို လွတ်လပ်ကြိုးပမ်းမှု ကာလတစ်လျှောက် ၎င်း၏ ပြောဆိုမိန့်မှာချက်များတွင် တွေ့နိုင်သည်။ ထိုပြောဆိုချက်များအနက် ၁၉၄၇ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံ၌...

"ဒီမိုကရေစီဆိုတာဘာလဲ။ လူလူချင်း၊ လူတန်းစားအချင်းချင်း၊ လူမျိုးအချင်းချင်း အစရှိသည်အားဖြင့် အခွင့်အရေးတန်းတူ ကျပ်ပြည့်တင်းပြည့်မရှိသမျှ ကာလပတ်လုံး ဒီမိုကရေစီ ကျပ်ပြည့်တင်းပြည့် မဟုတ်သေးဘူး" ဟူ၍ လည်းကောင်း၊ "တိုင်းသူပြည်သားတွေက အစိုးရအာဏာ အပ်လိုက်တုန်းက ကျုပ်တို့အတွက် ကောင်းအောင် လုပ်ပေးပါဆိုပြီး အာဏာအပ်လိုက်တာပဲ။ ဒါပေမယ့် ကျုပ်တို့ကို ခင်ဗျားတို့ အုပ်စိုးတဲ့လူတွေအတွက် နှိပ်ကွပ်အုပ်ချုပ်ပါဆိုတဲ့အချက်သာ ဖြစ်နေတယ်။ လူတွေကတင်မြှောက်ပြီး လူတွေရဲ့အကျိုးကိုလုပ်တဲ့ လူတွေရဲ့အစိုးရသာလျှင် ဒီမိုကရေစီဖြစ်နိုင်မယ်။ အခြားဟာတွေ ဒီမိုကရေစီ မဖြစ်နိုင်ဘူး။ အတုတွေသာဖြစ်တယ်၊" ဟူ၍လည်းကောင်း မိန့်မှာခဲ့ဖူးသည်။

မြန်မာနိုင်ငံတွင်ကျင့်သုံးမည့် ဒီမိုကရေစီဝါဒကို လူထုအနေဖြင့် ရှင်းရှင်းလင်းလင်းသဘောပေါက်စေရန်အတွက် ၁၉၄၅ ခုနှစ် ဩဂုတ်လတွင် ပြုလုပ်ခဲ့သည့် နိုင်ငံရေးခေါင်းဆောင်များ၏ အစည်းအဝေးတစ်ရပ်တွင်လည်း "တကယ့်ဒီမိုကရေစီဆိုတာ နိုင်ငံရေးသဘောတရားတွေအရ ပြည်သူတွေရဲ့ အကျိုးအတွက် ပြည်သူတွေက တင်မြှောက်ထားတဲ့ အစိုးရဖြစ်ရုံနဲ့ မပြီးသေးဘူး။ အဲဒီအစိုးရဟာပြည်သူတွေရဲ့ စီးပွားရေးအဆင့်အတန်းကို အခွင့်အရေးတန်းတူရနိုင်တဲ့ အခြေအနေအထိ မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးမှ တကယ့် ဒီမိုကရေစီအထိ တက်လှမ်းနိုင်မယ်"ဟူ၍ လည်းကောင်း၊ "ဒါကြောင့် ကျွန်တော်တို့ဟာ ဒီမိုကရေစီဝါဒကိုသာ ခေတ်စားအောင်လုပ်ရမယ်။ အဲဒီဝါဒမျိုးအရသာလွတ်လပ်တဲ့ မြန်မာနိုင်ငံကို ထူထောင်နိုင်အောင် ကြိုးစားရမယ်။ ဒါမျိုးမလုပ်နိုင်ရင် ကျွန်တော်တို့ မြန်မာပြည်သူတွေဟာလည်း နစ်နာမယ်။... ဒီမိုကရေစီဝါဒသာ လွတ်လပ်ရေးနှင့် ဆီလျော်တယ်။ ဒီဝါဒသာ ငြိမ်းချမ်းရေးကို အားပေးတယ်"ဟူ၍လည်းကောင်း ရှင်းလင်းဆွေးနွေး မိန့်မှာခဲ့သည်။

ထို့ပြင် ၁၆-၆-၁၉၄၇ ရက်နေ့တွင် ဦးအောင်ဆန်းအမည်ဖြင့်တင်သွင်းသည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံနှင့် ပတ်သက်သော လမ်းညွှန်ပြဋ္ဌာန်းချက်ထဲ၌လည်း "ဒီမိုကရေစီဝါဒ၊ ဒီမိုကရေစီစနစ်၊ ဒီမိုကရေစီသဘောတရားတွေ ခေတ်စားနေတဲ့ သည်ကမ္ဘာကြီးမှာ ဒီမိုကရေစီသဘောထားမထားနိုင်တဲ့ နယ်ဟာ အနေးနှင့်အမြန် အဲဒီနယ်မှာရှိတဲ့လူတွေ နိုးကြားထကြွလာပြီး သည်လိုကမ္ဘာကြီးရဲ့ သဘောတရားတွေနှင့် ဖြစ်ပျက်နေတဲ့ ခေတ်သဘောတရားတွေနှင့် ဆန့်ကျင်ဘက် သဘောတရားတွေကို တွန်းလှန်ပစ်ကြမှာပဲဆိုတာ ကျွန်တော် နိမိတ်ဖတ်ထားချင်တယ်"ဟူ၍လည်းကောင်း၊ "တကယ့် ဒီမိုကရေစီဆိုတာ နိုင်ငံရေးသဘော တရားတွေအရ ပြည်သူတွေရဲ့အကျိုးအတွက် ပြည်သူတွေက တင်မြှောက်ထားတဲ့ အစိုးရဖြစ်ရုံနဲ့ မပြီးသေးဘူး။ အဲဒီအစိုးရဟာ ပြည်သူတွေရဲ့ စီးပွားရေးအဆင့်အတန်းကို အခွင့်အရေးတန်းတူရနိုင်တဲ့ အခြေအနေအထိ မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးမှ တကယ့် ဒီမိုကရေစီအထိ တက်လှမ်းနိုင်မယ်"ဟူ၍ လည်းကောင်း ထည့်သွင်းရေးသားဖော်ပြခဲ့ပါသည်။

**ဗိုလ်ချုပ်အောင်ဆန်း၏**
**ကိုယ်ချင်းစာစိတ်နှင့် လွတ်လပ်ရေး**

ဗိုလ်ချုပ်တွင် ငယ်ရွယ်စဉ်အချိန်ကတည်းက ကိုယ်ချင်းစာတတ်သည့်စိတ်ထား ကိန်းအောင်းလျက်ရှိနေသည်ကို ၎င်းလေးနှစ်သားအရွယ်က အဖြစ်အပျက်လေးတစ်ခုက သက်သေပြနေပါသည်။ စပါးအရောင်းအဝယ်ပြုလုပ်နေသည့် ဗိုလ်ချုပ်၏ မိခင်ကြီး (ဒေါ်စု)က တစ်နေ့၌ တောအရပ်ဒေသမှ စပါးဝယ်သူများနှင့် အရောင်းအဝယ်စကားပြောရင်း ဒေါ်စုက " ကိုင်း မင်းတို့ ဒါလောက်တောင် လိုချင်နေမှ ၅၀ ဈေးနဲ့ပဲ ပေးလိုက်မယ်။ ငါဝယ်ထားတုန်းက ၆၀ ဈေးတောင်ပေးထားရတယ်" ဟု ပြောလိုက်ရာ အနီးအနားတွင် ကစားနေသော မောင်ထိန်လင်း (ဗိုလ်ချုပ်၏ ငယ်အမည်)က "ဟာ အမေကလည်း မဟုတ်တာပြောရော့မယ်။ အမေ ၅၀ ဈေးနဲ့ဝယ်ထားတာ ကျွန်တော်သိရဲ့သားနဲ့။ မှန်တာကိုပြောပါဗျာ။ လိမ်တာမကောင်းပါဘူး" ဟုပြောလိုက်၍ မိခင်ဖြစ်သူ၏ ပေါင်တွင်းကြောလိမ်ဆွဲခြင်းကို ခံခဲ့ရဖူးသည်ဟု ဖတ်မှတ်ဖူးသည်။

အဆိုပါဖြစ်ရပ်လေးသည် ဗိုလ်ချုပ်၏ ငယ်စဉ်ကတည်းက လိမ်မပြောတတ်သည့် အမူအကျင့်ကို ဖော်ညွှန်းနေပြီး တစ်ဖက်သား(ဆင်းရဲနွမ်းပါးသည့်သူများ) အပေါ် ထားရှိသော (တရားမျှတချင်သည့်စိတ်) ကိုယ်ချင်းစာတတ်သည့်နှလုံးသားမှ ပေါ်ထွက်လာသော အရင်းခံစကားသံများဖြစ်သည်ကို သတိပြုမိနိုင်သည်။

ဗိုလ်ချုပ်သည် ငွေကြေးအဆင်ပြေသည့် မိသားစုမှ မွေးဖွားလာခဲ့သော်လည်း လူမှန်းသိတတ်သည့် အရွယ်ကတည်းက ပတ်ဝန်းကျင်၌ တွေ့မြင်နေရသည့် ဆင်းရဲနွမ်းပါးသည့် ပြည်သူလူထုဘဝများကိုကြည့်၍ ထိုဘဝများ လွတ်မြောက်ရေးကို ဆောင်ကြဉ်းပေးလိုသည့်စိတ် ဖြစ်ပေါ်လာခဲ့သည်။ ထိုမှတစ်ဆင့် နိုင်ငံရေးစိတ်ဓာတ်များ ကိန်းအောင်းကာ နယ်ချဲ့တို့ကို တော်လှန်လိုစိတ် ပြင်းပြလာခဲ့ခြင်း ဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။

၎င်းမြင်တွေ့ခဲ့ရသော ဆင်းရဲနွမ်းပါးသည့် စာရင်းငှား၊ အလုပ်သမားလူတန်းစားများကို ကြည့်ရင်း လူတန်းစေ့မနေနိုင်သော သူတို့၏ ဘဝများအပေါ် သနားကရုဏာဖြစ်ခဲ့ပုံပေါ်သည်။ မြန်မာနိုင်ငံ၏ လူဦးရေအများစုမှာ ဆင်းရဲသားလူတန်းစားများဖြစ်ကြပြီး အဆိုပါလူတန်းစားများ၏ ကောင်းကျိုးချမ်းသာနှင့် ဘဝမြှင့်တင်ရေးအတွက် ကြိုးပမ်းပေးလိုစိတ်

စာမျက်နှာ ၁၁ သို့

**"၁၆-၆-၁၉၄၇ ရက်နေ့တွင် ဦးအောင်ဆန်းအမည်ဖြင့် တင်သွင်းသည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံနှင့်ပတ်သက်သော လမ်းညွှန်ပြဋ္ဌာန်းချက်ထဲ၌လည်း " ဒီမိုကရေစီဝါဒ၊ ဒီမိုကရေစီစနစ်၊ ဒီမိုကရေစီသဘောတရားတွေ ခေတ်စားနေတဲ့ သည်ကမ္ဘာကြီးမှာ ဒီမိုကရေစီသဘောထား မထားနိုင်တဲ့နယ်ဟာ အနေးနှင့်အမြန် အဲဒီနယ်မှာရှိတဲ့လူတွေ နိုးကြားထကြွလာပြီး သည်လိုကမ္ဘာကြီးရဲ့ သဘောတရားတွေနှင့် ဖြစ်ပျက်နေတဲ့ ခေတ်သဘောတရားတွေနှင့် ဆန့်ကျင်ဘက် သဘောတရားတွေကို တွန်းလှန်ပစ်ကြမှာပဲဆိုတာ ကျွန်တော်နိမိတ်ဖတ်ထားချင်တယ်" ဟူ၍လည်းကောင်း၊"တကယ့်ဒီမိုကရေစီဆိုတာ နိုင်ငံရေးသဘောတရားတွေအရ ပြည်သူတွေရဲ့အကျိုးအတွက် ပြည်သူတွေက တင်မြှောက်ထားတဲ့ အစိုးရဖြစ်ရုံနဲ့ မပြီးသေးဘူး။ အဲဒီအစိုးရဟာ ပြည်သူတွေရဲ့ စီးပွားရေးအဆင့်အတန်းကို အခွင့်အရေးတန်းတူရနိုင်တဲ့ အခြေအနေအထိ မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးမှ တကယ့်ဒီမိုကရေစီအထိ တက်လှမ်းနိုင်မယ်" ဟူ၍လည်းကောင်း ထည့်သွင်းရေးသားဖော်ပြခဲ့"**

*စာမျက်နှာ ၁၀ မှ*

တဖွားဖွား ပေါ်လာခဲ့သည်။ ထို့ကြောင့် ဗိုလ်ချုပ်တွင် ကလေးဘဝကတည်းက တစ်ပါးသူအပေါ် ကိုယ်ချင်းစာတတ်သည့်စိတ်မှာ အလိုအလျောက် ကိန်းအောင်းနေခဲ့ပြီးဖြစ်သည်ဟု ကောက်ချက်ချနိုင်သည်။

ကျောင်းသားခေါင်းဆောင်၊ နိုင်ငံရေးပါတီခေါင်းဆောင်၊ စစ်ရေးခေါင်းဆောင် စသဖြင့် ခေါင်းဆောင်မျိုးစုံဘဝကို ဖြတ်သန်းခဲ့ရသည့် ဗိုလ်ချုပ်သည် လက်အောက်ငယ်သား၊ တပည့်များအပေါ် မည်သို့မည်ပုံ စိတ်နေသဘောထားရှိခဲ့သည်ကိုလည်း ၁၃-၇-၁၉၄၇ ရက်နေ့ မြို့တော်ခန်းမကြီးတွင် ပြောကြားခဲ့သည့် မိန့်ခွန်းက ဖော်ပြနေပါသည်-

**"ကိုယ့်နောက်လိုက်လာတဲ့သူတွေကို ထမင်းဝအောင်မကျွေးနိုင်ရင် ဒီခေါင်းဆောင်ဟာ အလကားပဲ။ ကျုပ်တို့ ခေါင်းဆောင်နေတဲ့အချိန်မှာ ကျုပ်တို့ရဲ့ ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ကြပါ။ ဒါမှမကျေနပ်ရင် ခင်ဗျားတို့ သဘောကျသူကို တင်ပြီး လုပ်ခိုင်းပါ။ ကျုပ်ဖယ်ပေးပါမယ်"**

ထိုမိန့်ခွန်းသည့် ဗိုလ်ချုပ်၏ တိုင်းသူပြည်သားများသို့ ပြောကြားသည့် နောက်ဆုံး မိန့်မှာချက်ဖြစ်ပါသည်။

ဗိုလ်ချုပ်သည် နိုင်ငံ၏ အဓိကလူ့စွမ်းအားအလုပ်သမားများ၊ လယ်သမားများအပေါ် ကိုယ်ချင်းစာနာမှုရှိနေသည်ကိုလည်း အလုပ်သမား၊ လယ်သမားများနှင့် ပတ်သက်သည့် သူ၏ဟောပြောချက်များ၌ ပေါ်ပေါ်လွင်လွင် မြင်တွေ့ရသည် -

အလုပ်သမားများနှင့် ပတ်သက်၍ ၁၆- ၅-၁၉၄၆ ခုနှစ် ဖဆပလ " အဖွဲ့ချုပ်၏ ဒုတိယမြောက် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတွင် ပြောကြားသည့် မိန့်ခွန်း၌ **"အလုပ်သမားတွေ သပိတ်မှောက်ကြရတာက ကြောင်းကျိုးမဆီလျော်တဲ့ တောင်းဆိုချက်ကို ဖန်တီးပြီး တောင်းချင်လို့မဟုတ်ပါဘူး။ သူတို့ စားရေး၊ နေရေး၊ ဖူလုံစေမည့် လုပ်ခတွေ၊ ထောက်ပံ့ကြေးတွေရဖို့အတွက် အကျပ်ကိုင်နိုင်တဲ့ တစ်ခုတည်းသော လက်နက်ကိုပဲ အားကိုးအားထား ပြုတာပဲဖြစ်တယ်။ ဒါကြောင့် အကြောင်းအကျိုးမဆီလျော်ဘူးဆိုတဲ့ ပြဿနာဟာ မရှိပါဘူး"** ဟူ၍လည်းကောင်း၊ တောင်သူလယ်သမားနှင့် ပတ်သက်၍ ၂၅-၂-၁၉၄၇ ရက်နေ့တွင် တောင်သူလယ်သမားညီလာခံတွင် ပြောကြားသည့်မိန့်ခွန်း၌ **"လွတ်လပ်ရေးရတဲ့အခါမှာ ခင်ဗျားတို့ရဲ့ လွတ်လပ်ရေးပါလာမယ်။ တောင်သူလယ်သမား လူအများစုရဲ့ အခွင့်အရေးမပါဘဲ လွတ်လပ်ရေးဟာ အဓိပ္ပာယ်မရှိဘူးလို့ ယူဆတယ် "** ဟူ၍ လည်းကောင်း ပြောကြားခဲ့ပါသည်။

ထို့ပြင် လွတ်လပ်ရေးတောင်းဆိုရန် အားထုတ်နေချိန်၌ ဗြိတိသျှတို့က ချန်လှပ်ထားခဲ့ရန် ကြိုးစားနေသည့် တိုင်းရင်းသားညီအစ်ကိုများနေထိုင်ရာ တောင်တန်းဒေသများအတွက်လည်း စာနာမှုရှိသော အရင်းခံစိတ်ထားဖြင့် လွတ်လပ်ရေး အတူတကွရရှိရန် အားထုတ်ပေးခဲ့သည်။ စည်းလုံးညီညွတ်မှု ရရှိရေးအတွက်လည်း အပင်ပန်းခံ၍ ကြိုးစားပြုလုပ်ပေးခဲ့သည်။ တိုင်းရင်းသားလူမျိုး

**"ဗိုလ်ချုပ်အောင်ဆန်းတွင် ကြီးကျယ်မြင့်မြတ်သော ခေါင်းဆောင်တစ်ယောက်၏ အရည်အချင်းများသာမက ကိုယ်ချင်းစာတတ်သည့်စိတ်၊ စွန့်လွှတ်အနစ်နာခံတတ်သည့် ကြီးမြတ်သောနှလုံးသားရှိ၏။ နိုင်ငံ့လွတ်လပ်ရေးကို ပြန်လည်ရယူရာတွင်လည်း တရားနည်းလမ်းကျကျ အားထုတ်ခဲ့၏။ မိမိတို့ရန်သူကိုပင် အထက်တန်းစားစိတ်ထား၊ မြင့်မြတ်သောနှလုံးဖြင့် လက်ရုံးရည်နှင့် နှလုံးရည်ပြည့်ဝစွာ အနိုင်ယူခဲ့သူဖြစ်သည်။ ထိုကဲ့သို့ ကြီးကျယ်မြင့်မြတ်သော စိတ်ထား၊ နှလုံးသားပိုင်ရှင် ဗိုလ်ချုပ် မှာကြားခဲ့သည့်စကားများကို ကျွန်ုပ်တို့ မည်မျှလိုက်နာကျင့်ကြံနေထိုင်နိုင်ခဲ့ကြပြီလဲ။ ကျွန်ုပ်တို့ ဗိုလ်ချုပ်ကို မည်သို့ ချစ်ခင်လေးစားကြမည်နည်း"**

ညီအစ်ကိုမောင်နှမများအပေါ် ဗိုလ်ချုပ်၏ ကိုယ်ချင်းစာမှုရှိသည့် အရင်းခံသဘောကို ၂၄ -၁၂-၁၉၄၆ ရက်နေ့ လွိုင်ကော်မှ အပြန် တောင်ကြီးမြို့ ညောင်ရွှေဟော်၌ စော်ဘွားတချို့နှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည့်စကားများက ကြီးမားသော သမိုင်းသက်သေပင်။

**"…ကျွန်တော်တို့ကို ဖိတ်ကြားတဲ့အတွက် ဇန်နဝါရီလ ၂ ရက်နေ့မှာ ဘိလပ်ကို သွားရပါလိမ့်မယ်။ အဲဒီမှာ ရှမ်းပြည်နယ်နဲ့ ဗမာပြည်ပူးပေါင်းရေး ပြောရပါလိမ့်မယ်။ ဒါကြောင့် စော်ဘွားများရဲ့ သဘောတူညီချက်ကို အလိုရှိပါတယ်။… ယခုလို ကျွန်တော်အကြံပေးတာကိုမှ သဘောမတူဘဲ အင်္ဂလိပ်လက်အောက်မှ နေချင်သေးတယ်။ သူတို့ ပြုသမျှပဲ ခံချင်သေးတယ်ဆိုရင်တော့ ခင်ဗျားတို့ရဲ့ သဘောအတိုင်းပဲ"။**

ထိုပြောစကားများသည် ဗိုလ်ချုပ်၏ တိုင်းရင်းသားညီအစ်ကို မောင်နှမများအပေါ် ထားရှိသည့် ကိုယ်ချင်းစာစိတ်ကို ကွင်းကွင်းကွက်ကွက် ဖော်ပြနေပါသည်။

လွတ်လပ်ရေးအတွက် ကြိုးစားအားထုတ်နေသော်လည်း လွတ်လပ်မှုကို ကျဉ်းမြောင်းစွာ ရှုမြင်ထားသူတို့အား သတိပေးသည့်အနေဖြင့် လွတ်လပ်မှုဆိုတိုင်း မိမိတို့ အကျိုးတစ်ခုတည်းကိုကြည့်၍ လွတ်လပ်စွာပြုမူ၍မရကြောင်း၊ မိမိလွတ်လပ်မှုကြောင့် သူတစ်ပါးထိခိုက်မဖြစ်စေရန် အလေးထား၍ ကိုယ်ချင်းစာစိတ်ရှိသည့် လွတ်လပ်မှုသည်သာ တည်တံ့ခိုင်မြဲနိုင်ကြောင်းကိုလည်း မကြာခဏ သတိပေးမိန့်မှာခဲ့ပါသည်။

**"လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်ဆိုတာဘာလဲ။ လွတ်လပ်ရေးဆိုတာ တစ်ဦးတစ်ယောက် ကောင်းစားဖို့ဖြစ်စေ၊ တစ်မျိုးလုံးကောင်းစားဖို့ဖြစ်စေ၊ လုပ်တဲ့နေရာမှာ အခြားတစ်ဦးတစ်ယောက်ရဲ့ အကျိုးကိုမထိခိုက်ဘဲနဲ့၊ အခြားသူတွေရဲ့ အကျိုးကို မထိခိုက်ဘဲနဲ့ လွတ်လွတ်လပ်လပ်နဲ့ ကိုယ့်တိုးတက်မှုအတွက် လုပ်နိုင်တာဟာ လွတ်လပ်ရေးပဲ"**

ဗိုလ်ချုပ်၏ ပြုမူပြောဆိုမှုများအားလုံးသည် ရဲရင့်ပွင့်လင်းသော အသွင်သဏ္ဌာန်ဆောင်၍ စာနာတတ်သည့် စိတ်ထားပါရှိနေသကဲ့သို့ ၎င်းမျှော်မှန်းထားသည့် နိုင်ငံရေးစနစ်သည်လည်း နိုင်ငံသူ၊ နိုင်ငံသားအသီးသီးတို့ ကိုယ်ချင်းစာစိတ်ထားတတ်သည့် အလေ့အကျင့်ကောင်းရရှိလျက် လွတ်လပ်မှု၊ မျှတမှုဖြစ်စေမည့် တာရှည်ခံ ဒီမိုကရေစီစနစ်မျိုးဖြစ်ပါသည်။

**ဗိုလ်ချုပ်ကို မည်သို့ ချစ်ခင်လေးစားမည်နည်း**

စနေနေ့ဖွားဖြစ်၍ နေ့နံအရ ငယ်နာမည် ထိန်လင်း။ ကြီးပြင်းလာချိန် အစ်ကိုနာမည် အောင်သန်းအမည်နှင့်ကာရန်လိုက်အောင် ပေးထားသည့် မောင်အောင်ဆန်း။ နောက်ပိုင်းကာလများတွင် တက္ကသိုလ် ကျောင်းသားအောင်ဆန်း၊ သခင်အောင်ဆန်း၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးအောင်ဆန်း။ လွတ်လပ်ရေးကာလအလွန်၊ အနာဂတ်မြန်မာနိုင်ငံတွင် အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဖခင်ကြီး၊ ပြည်ထောင်စုဗိသုကာစသည်ဖြင့် ဂုဏ်ပုဒ်အမျိုးမျိုးဖြင့် မြန်မာတစ်နိုင်ငံလုံး ချစ်ခင်လေးစားကြည်ညိုခြင်းကို ခံရသောသူ။

အာရှနိုင်ငံများမှခေါင်းဆောင်များ၊ အိန္ဒိယနိုင်ငံမှ ခေါင်းဆောင်များ၊ မြန်မာကို ကျူးကျော်ကိုလိုနီပြုခဲ့သည့် ဗြိတိသျှများ၊ ကူညီဟန်ဆောင်ကာ မြန်မာလူထုအပေါ် ရက်စက်ကြမ်းကြုတ်ခဲ့သည့် ဖက်ဆစ်ဂျပန်တို့ကပင် ချီးကျူးလေးစားခဲ့ရသည့် အသက်ငယ်ငယ် ၃၂ နှစ်ဝန်းကျင် မြန်မာတို့၏ တစ်ဦးတည်းသော ၂၀ ရာစု အာဇာနည်သူရဲကောင်း။ စွန့်လွှတ်အနစ်နာခံမှုနှင့်ပတ်သက်၍ မြန်မာ့မြေပေါ်မှာသာမက ကမ္ဘာကပင် လေးစားရသည့် ဗိုလ်ချုပ်အောင်ဆန်း။ မြန်မာပြည်သူလူထုတစ်ရပ်လုံးက ၎င်းကို ချစ်ခင်လေးစားကြည်ညိုနေကြဆဲ၊ ၎င်း၏ ကျေးဇူးတို့ကို အောက်မေ့သတိရ လွမ်းဆွတ်နေကြဆဲ။

ယခုဆိုလျှင် နိုင်ငံ့လွတ်လပ်ရေးအတွက် အသက်ကိုပဓာနမထားဘဲ နယ်ချဲ့တို့ကို နည်းလမ်းအမျိုးမျိုးဖြင့် ခုခံတွန်းလှန်ခဲ့ကြသည့် နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားညီအစ်ကို မောင်နှမများမှာ အသက်များဖြင့် အဘိုးအဘွားအရွယ်မက ဖြစ်နေကြပြီ။ အများစုမှာ ကွယ်လွန်ခဲ့ကြပြီးဖြစ်သည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းမှာမူ လူငယ်လူရွယ်ဘဝမှာပင် ဘဝနိဂုံးအဆုံးသတ်၊ ကွယ်လွန်ခဲ့ရရှာသည်။ ယခုအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ မသမာသူလူတစ်စု၏ လက်ချက်ဖြင့် ကျဆုံးကွယ်လွန်ခဲ့သည်မှာ အချိန်ကာလအားဖြင့် ၇၈ နှစ်ပင် ရှိခဲ့လေပြီ။

ဗိုလ်ချုပ်အောင်ဆန်းတွင် ကြီးကျယ်မြင့်မြတ်သော ခေါင်းဆောင်တစ်ယောက်၏ အရည်အချင်းများသာမက ကိုယ်ချင်းစာတတ်သည့်စိတ်၊ စွန့်လွှတ်အနစ်နာခံတတ်သည့် ကြီးမြတ်သောနှလုံးသားရှိ၏။ နိုင်ငံ့လွတ်လပ်ရေးကို ပြန်လည်ရယူရာတွင်လည်း တရားနည်းလမ်းကျကျ အားထုတ်ခဲ့၏။ မိမိတို့ရန်သူကိုပင် အထက်တန်းစားစိတ်ထား၊ မြင့်မြတ်သောနှလုံးဖြင့် လက်ရုံးရည်နှင့် နှလုံးရည်ပြည့်ဝစွာ အနိုင်ယူခဲ့သူဖြစ်သည်။ ထိုကဲ့သို့ ကြီးကျယ်မြင့်မြတ်သော စိတ်ထား၊ နှလုံးသားပိုင်ရှင် ဗိုလ်ချုပ် မှာကြားခဲ့သည့် စကားများကို ကျွန်ုပ်တို့ မည်မျှလိုက်နာကျင့်ကြံ နေထိုင်နိုင်ခဲ့ကြပြီလဲ။ ကျွန်ုပ်တို့ ဗိုလ်ချုပ်ကို မည်သို့ချစ်ခင်လေးစားကြမည်နည်း။

**ဗိုလ်ချုပ်ကို အမှန်တကယ်ချစ်ခင်လေးစားပါလျှင်**

ကျွန်ုပ်တို့ အားလုံး ဒီမိုကရေစီကို မက်မောလိုလားလျက်ရှိနေကြပြီ။ တရားမျှတမှု၊ ညီမျှမှုနှင့်အတူ လွတ်လပ်စွာ ရှင်သန်နေထိုင်နိုင်မည့် ဒီမိုကရေစီစနစ်၌ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး၏ နေထိုင်လှုပ်ရှားမှု၊ ပြောဆိုပြုမူ၊ ဆက်ဆံမှုများအားလုံးတွင် ကိုယ်ချင်းစာစိတ်များကိန်းအောင်းတည်ရှိနေရန် လိုအပ်ပါသည်။

အမေရိကန်နိုင်ငံသူ ဒဿနိကပါမောက္ခ Elizabeth Anderson ညွှန်းဆိုထားသကဲ့သို့ ကိုယ်ချင်းစာတရားသည် ဒီမိုကရေစီထွန်းကားရေးအတွက် အဓိကအစိတ်အပိုင်းတစ်ရပ်ဟု လက်ခံခဲ့ပါလျှင် စည်းကမ်းရှိမှု၊ ဥပဒေလိုက်နာမှုတို့နှင့်အတူ နိုင်ငံသူ၊ နိုင်ငံသားတစ်ဦးတစ်ယောက်ချင်းစီတွင် ကိုယ်ချင်းစာတတ်သည့် စိတ်ထား၊ နှလုံးသားများ ရှိလာစေရန် လေ့ကျင့်မွေးမြူကြရပါမည်။ သို့မှသာ ဒီမိုကရေစီအလေ့အကျင့်များ ပိုမိုဖွံ့ဖြိုးကာ၊ ဒီမိုကရေစီနိုင်ငံရေးစနစ် ပိုမိုထွန်းကားလာပေလိမ့်မည်။ ကျွန်ုပ်တို့ အားလုံး ချစ်ခင်မြတ်နိုးသည့် ဗိုလ်ချုပ်အောင်ဆန်းအပေါ်တွင်လည်း အမှန်တကယ် ချစ်မြတ်နိုးရာရောက်လိမ့်မည် ဖြစ်ပေသတည်း။ ။

ကိုးကား
- မြတ်မော် ၊ "ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအတွေးအခေါ်များ"၊ ပထမအကြိမ်၊ ၁၉၇၀။
- တက္ကသိုလ်နေဝင်း။ "အောင်ဆန်းဦးတို့အဖေ"၊ ပထမအကြိမ်၊ ၁၉၆၇။
- တက္ကသိုလ်နေဝင်း၊ "ပြည်ထောင်စုဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း"၊ ၁၉၉၇။
- ဦးအောင်သန်း၊ "အောင်သန်း ၏အောင်ဆန်း"၊ စတုတ္ထအကြိမ်၊ ၂၀၁၁။
- Nora Elise Hesby Department of Teacher Education and School Research, University of Oslo , "Students' Understanding of the Concept of Democracy and Implication for Reacher Education in Social Studies Vol.10, Nr.2

## သန်လျင်၌ ငလျင်ဘေးအသိပညာပေး၍ သရုပ်ပြလေ့ကျင့်

**သန်လျင် ဇူလိုင် ၁၅**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက ငလျင်ဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် ငလျင်ပုံစံတူ လေ့ကျင့်သရုပ်ပြမှုအခမ်းအနား ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးဝင်းက အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ကျောင်းအုပ်ဆရာမကြီးထံ မီးသတ်ဆေးဘူးများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဝန်ထမ်းများနှင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၃၅ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပရဟိတ အသင်းအဖွဲ့များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ချက်များကို လက်တွေ့သရုပ်ပြသကြောင်း သိရသည်။

**သန်းဝင်း**

**(သန်လျင်)**



ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

# ပေါက်ဖော် ဟု ကျွန်ုပ်ကြားသည်

❖ ကျွန်ုပ်ဆို၏၊
ဧရာဝတီမြစ်
ရှည်လျားကျယ်ပြန့်စွာ စီးဆင်းနေ၊
နှစ်ပေါင်းများစွာထက် ပိုမိုရှည်လျား၊
အိပ်မက်များထက် ပိုနက်ရှိုင်း၊
သို့သော်ငြား တို့ညီအစ်ကိုတွေနံဘေးက
ဧရာဝတီ ဘယ်တော့မှ မသွေဖည်လေ။
❖ သင်ဆို၏၊
ယန်စီမြစ် လှိုင်းလုံးများ
ပြန်လည်တုံ့ပြန်သံကို ကျွန်ုပ်ကြား၊
သင်၏နှုတ်ခွန်းဆက်သံသည်
မြစ်ကြောင်းတစ်လျှောက် ပဲ့တင်ထပ်နေ၊
ကျွန်ုပ်နှင့် သင် တစ်လှမ်းချင်းစီ
ချီတက်ကြသည့်နေရာမှာလေ။
❖ ကျွန်ုပ်ဆို၏၊
စေတီခေါင်းလောင်းသံများ မြည်ဟိန်းသံ
ကြည်လင်ပြတ်သား၊
သမိုင်း၏ သိမ်မွေ့သော ရေရွတ်သံများ၊
နှစ်ထောင်ပေါင်းများစွာသော
ချစ်ကြည်ရေး၏ သက်ပြင်းချသံ။
❖ သင်ဆို၏၊
မြန်မာ့စေတီများ ရွှေရောင်ဝင်းပနေစဉ်၊
ဟွမ်ရှန် တိမ်ပင်လယ်လည်း ပွင့်လန်းလာ၊
တောင်များနှင့် ပင်လယ်များ၏
ပွင့်အံလာသော ရင်တွင်းစကား။
❖ ကျွန်ုပ်ဆို၏၊
အရဏ်ဦး နေရောင်လွှမ်း ဦးပိန်တံတား၊
မုန်တိုင်းများနှင့် ဝန်များကို
သန်မာသောပခုံးများပေါ်တွင် ထမ်း၍ထားမြဲ၊
မြန်မာ-တရုတ် ပိုက်လိုင်းတွေအလား
တောတောင်အထပ်ထပ်ကျော်ဖြတ်ကာ
ယနေ့တိုင် တောက်ပနေဆဲ။
❖ သင်ဆို၏၊
ကျွန်ုပ်တို့ တည်ဆောက်ကြတာ
စွမ်းအင်လမ်းကြောင်းတစ်ခုတည်းမက
မျှော်လင့်ခြင်းလမ်းကြောင်းများ၊
ယုံကြည်မှုတံတားများ၊
အဲသည် တသွင်သွင်စီးဆင်းမှုတိုင်းက
ပေါက်ဖော်၏ သရုပ်သကန်ကို ပြောပြနေကြ။
❖ ကျွန်ုပ်ဆို၏၊
ပေါက်ဖော်ဆိုသည်မှာ စကားအဖြစ်
ကျွန်ုပ်တို့ပြောရုံသက်သက်မဟုတ်၊
ယုံကြည်ခြင်း၏ အုတ်မြစ်များ၊
ခိုင်မြဲစွာ ထိန်းထားသော ယက်မတန်းများ၊
မုန်တိုင်းများကိုဖြတ်ကျော်၍အတူမျှဝေသော
ရွက်လွှင့်ခြင်းများ၊ အဝေးကောင်းကင်များကို
အတူတကွမျှဝေခြင်းများ။
❖ သင်ဆို၏၊
ငါသည် ငြိမ်းချမ်းရေးကို ယုံကြည်၏၊
အကြင်နာစစ်စစ်ကို ယုံကြည်၏၊
ကချင်မြေတွင် စိုက်ပျိုးထားသော
သစ်ပင်ပေါက်သည်၊
ပေကျင်းမှ မိုးမခပင်များ ပေါက်နေသည့်
လေထဲတွင်လည်း ယိမ်းနွဲ့နေ၏။
❖ ကျွန်ုပ်ဆို၏၊
တစ်ဦးကို တစ်ဦးမမေ့ကြသလို၊
နယ်နိမိတ်များ မည်မျှကျယ်ပြန့်ပါစေ၊
တောင်များ မည်မျှပင်ခြားနားနေပါစေ၊
ကျွန်ုပ်၏လက်သည် သင်၏လက်ကို
အစဉ်ထာဝရ မြဲမြံစွာ ဆုပ်ကိုင်ထားသလေ။
❖ သင်ဆို၏၊
ရှမ်းတောင်တန်းများ၏ ရင်ခွင်တွင်
ကျောက်စိမ်းများ တောက်ပနေသည်ကို
ကျွန်ုပ်မြင်ခဲ့ရ၏၊
နှစ်ပေါင်းများစွာ ခြေဗလာဖြင့်
လျှောက်သွားသောဘုန်းတော်ကြီးများကဲ့သို့၊
သစ်ခွပန်းများကဲ့သို့ တိတ်ဆိတ်စွာဖြင့်ပင်၊
နေရာတိုင်းတွင် ငြိမ်းချမ်းရေးကို
ကြဲဖြန့်ပေးခဲ့။
❖ ဒါဆို ကျွန်ုပ်ပြောမည်၊
နှစ်ထောင်ပေါင်းများစွာကစတင်ခဲ့သော
အရာအားလုံးကို
စကားလုံးတစ်လုံးတည်းဖြင့်
ချည်နှောင်၍၊ မဟာတံတိုင်းကြီး၏
ခိုင်မြဲသော၊
ရှေးဟောင်းကျောက်သရေတို့နှင့်တကွ
မြစ်ဝါမြစ်၏ စီးဆင်းမှုတို့ကိုပါ
သင့်အား ကျွန်ုပ် အပ်နှင်းမည်၊
သင်က "ပေါက်ဖော်" ဟု ပြောသောအခါ၊
ကျွန်ုပ်ကြားသည်မှာကား
"ဆွေမျိုးသားချင်း ညီရင်းအစ်ကိုတွေ"။

**မိုးတိမ်**

## ပင်းတယမြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

ပင်းတယ ဇူလိုင် ၁၅

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနု ပင်းတယမြို့နယ် Forever Ya



WatiCom.(MRTV-4) ရုံးဝင်း သစ်အယ်ပင်ကျေးရွာ၌ ယမန်နေ့ မွန်းလွဲပိုင်းက ပင်းတယမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုးပွဲတော် အခမ်းအနား ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးထိန်လင်းအောင် က အမှာစကား ပြောကြားပြီး ပျိုးပင်များအား ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် သတ်မှတ်နေရာများ၌ ထင်းရှူးပင် စုစုပေါင်းအပင် ၁၀၆၀ ကို စိုက်ပျိုးကြကြောင်း သိရသည်။

**အောင်ကိုဦး(ပြန်/ဆက်)**

## ပန်းတနော်မြို့နယ်အတွင်းရှိ ကျေးလက်လမ်းနှင့်တံတားများ ကြည့်ရှုစစ်ဆေး

ပန်းတနော် ဇူလိုင် ၁၅

ဧရာဝတီ တိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်မည့် ကျေးလက်လမ်းတံတား လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက မအူပင်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး( မြို့ပြ)မှ လာရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ လုပ်ငန်းများကို ဆောလျင်စွာနှင့် အရည်အသွေးပြည့်မီအောင် ဆောင်ရွက်သွားရန် ညွှန်ကြားပေးသည်။

ဆက်လက်၍ ဦးစချောင်းကြီး-နိမသောင်- သူဌေးကုန်းလမ်း မြေသားလမ်း ဖောက်လုပ်ခြင်း လုပ်ငန်းကို သွားရောက်ကွင်းဆင်း ကြည့်ရှုရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြီး အချိန်မီပြီးစီးရေးနှင့် အရည်အသွေးစံချိန်စံညွှန်းပြည့်မီစေရေး ဆောင်ရွက်ညှိနှိုင်းပေးသည်။ **မြို့နယ်(ပြန်/ဆက်)**



# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၄၆ ဦး ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇူလိုင် ၁၅**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး (KK Park) နှင့် ကျောက်ခတ် နယ်မြေများတွင် အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်း လိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၄၆ ဦးအား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့်သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင် လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Mr. Hoang Minh Hai နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၁၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၂၂၄ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၀၅၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၆၉ ဦးကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။



နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

** ကျော့ဖုံးမှ*

HYUNDAI STAREX မော်တော်ယာဉ်နှင့် ဟန်ချေး မောင်းနှင်သည့် HYUNDAI STAREX မော်တော်ယာဉ်တို့အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၂၅ သန်းနှင့် ဘိန်းဖြူ ၂၂ ကီလို ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက် ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများအား သယ်ဆောင်ခိုင်းသူ ဟိန်းမင်းလတ်ကို ဇူလိုင် ၈ ရက် နံနက် ၈ နာရီတွင် ကျောက်ဆည်မြို့ မင်းရပ်ရပ်ကွက် မြို့ရှောင်လမ်းပေါ်ရှိ တည်းခိုခန်းတွင် FORD RANGER မော်တော်ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်း၏ ဖော်ထုတ်ချက်အရ မန္တလေးမှကလေးသို့ မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်သူများဖြစ်သည့် ဗန်ကျဲအိုမန်းနှင့် ရွှန်လေ့ကျုံးတို့အား ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက် ၁၁၁ အိုင်လမ်းရှိနေအိမ်တွင် စိတ်ကြွရူးသွပ်ဆေးပြားလေးသန်း၊ မူးယစ်ဆေးဝါးသယ်ဆောင်ရာတွင်အသုံးပြုသည့် ဆီဘောက်ဆာယာဉ် နှစ်စီး၊ TOYOTA HILUX SURF မော်တော်ယာဉ် တစ်စီးတို့နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၂၅ သန်း (၎င်းဒေသတန်ဖိုးငွေကျပ် ၁၉ ဒသမ ၁၂၅ ဘီလီယံ) နှင့် ဘိန်းဖြူ ၂၂ ကီလို(၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၁ ဘီလီယံ)ဖြစ်ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်များအရ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မှ မန္တလေးသို့ သယ်ဆောင်ခိုင်းသူ ရှမ်းလေး၊ အောင်မြင့်ထွန်းနှင့် မန္တလေးမှကလေးသို့သယ်ဆောင်ခိုင်းသူ စံရန်းတို့ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက် ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



တရားခံ ရွှန်လေ့ကျုံး၊ ဗန်ကျဲအိုမန်းတို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

---

## အမျိုးသမီးများကို တရုတ်ယောက်ျားယူရန် ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူနှင့် ငါးဖမ်းအလုပ် လုပ်ကိုင်ရန် ငါးဖမ်းသင်္ဘောပေါ်သို့ ပို့ဆောင်၍ လုပ်အားခ ခေါင်းပုံဖြတ် ရယူခဲ့သူတို့အား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇူလိုင် ၁၅**

အမျိုးသမီးများကို တရုတ်ယောက်ျားယူရန် ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူနှင့် ငါးဖမ်းအလုပ် လုပ်ကိုင်ရန် ငါးဖမ်းသင်္ဘောပေါ်သို့ ပို့ဆောင်၍ လုပ်အားခခေါင်းပုံဖြတ်ရယူခဲ့သူတို့အား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ မ-----၊ ၃၀ နှစ်နှင့် မ-----၊ ၂၅ နှစ် တို့ကို ခင်မင်ရင်းနှီးသည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စိန်ပန်းရပ်နေ ကိုရဲက တရုတ်ယောက်ျားယူရမည် ငွေကျပ်သိန်း ၆၀ ရရှိမည်၊ ခရီးစရိတ်အကုန်ကျခံခေါ်ပေးမည်ဟု စည်းရုံးပြောဆို၍ မြစ်ကြီးနားမြို့သို့ ခေါ်ဆောင်သွားခဲ့ပြီး မြစ်ကြီးနားမြို့ရှိ တည်းခိုခန်းတစ်ခုသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ မြစ်ကြီးနားမြို့ တည်းခိုခန်းတွင် တရုတ်နိုင်ငံသို့သွားရောက် အလုပ်လုပ်ကိုင်ရန် တည်းခိုနေသည့် မ-----၊ ၂၄ နှစ်အား ကိုရဲက တရုတ်ယောက်ျားယူရန် ထပ်မံစည်းရုံး ပြောဆိုခဲ့ကြောင်း၊ ၎င်းတို့ သုံးဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးမည့် လူပွဲစားက လာရောက်ခေါ်ဆောင်ခြင်း မရှိသဖြင့် ကျိုင်းတုံမြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် မန္တလေးမြို့သို့ အငှားယာဉ်ဖြင့် ခေါ်ဆောင်လာစဉ် စစ်ဆေးတွေ့ရှိခဲ့သည်။

တရုတ်နိုင်ငံသို့ ပို့ဆောင်ကာ တရုတ်ယောက်ျားထံ ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူ ကိုရဲအား အမရပူရမြို့မရဲစခန်း (ပ) ၄၉/ ၂၀၂၅၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဇူလိုင် ၁၄ ရက်တွင် အမရပူရခရိုင်တရားရုံးမှ တရားခံ ကိုရဲအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရခိုင်ရိုးလေးကျေးရွာနေ ဦး-----၊ ၃၈ နှစ်အား တစ်ရပ်ကွက်တည်းနေ မပပ က ဖျာပုံမြို့နယ် မြစ်တန်းကျေးရွာရှိ စက်လှေပေါ်တွင် ပိုက်ထောင်သည့် အလုပ်အား လုပ်ကိုင်ပါက တစ်လလျှင် စရိတ်ငြိမ်း ငွေ နှစ်သိန်းကျပ်ခန့်ရမည်၊ ကိုယ်တိုင်လိုက်ပါပို့ဆောင်ပေးမည်ဟု စည်းရုံးပြောဆို၍ မိုးမင်းဝင်း(ခ)ငမိုးထံ ပို့ဆောင်ပေးခဲ့ကြောင်း၊ မိုးမင်းဝင်း(ခ)ငမိုးက "ဖြိုး"ရေစင်သို့ ပို့ဆောင်ပေးခဲ့သဖြင့် ငါးဖမ်းသင်္ဘောပေါ်တွင် ခြောက်လကျော်ခန့် အလုပ်လုပ်ကိုင်ခဲ့ရကြောင်း၊ လုပ်အားခထုတ်ယူချိန်တွင် မရရှိဘဲ မိုးမင်းဝင်း(ခ)ငမိုးက လုပ်အားခငွေ ၁၀ သိန်းကျပ်ကို ကြိုတင်ခေါင်းပုံဖြတ် ထုတ်ယူသွားကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် တက်သစ်နယ်မြေရဲစခန်း (ပ) ၇/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးဥပဒေပုဒ်မ ၃၆ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။

ဇွန် ၃၀ ရက်တွင် မှော်ဘီခရိုင်တရားရုံးမှ တရားခံ မိုးမင်းဝင်း(ခ)ငမိုးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၆ အရ အလုပ်နှင့်ထောင်ဒဏ် ငါးနှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တရားခံ မပပ အား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/ ၈၈ အတည်ပြု ထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❑ *ကျော့ဖုံးမှ*

ပြိုင်ပွဲကို အုပ်စုသုံးခုခွဲ၍ ကျင်းပလျက်ရှိပြီး မြန်မာအသင်းသည် အုပ်စု (C) တွင် ထိုင်း၊ တီမောအသင်းတို့နှင့် ကျရောက်နေသည်။ အုပ်စု (C) ပထမနေ့ကို ဇူလိုင် ၁၆ ရက် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် မြန်မာအသင်းနှင့် တီမောအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းနည်းပြချုပ် ကာရိုဆာကီက "ကျွန်တော်တို့အသင်းက ပြီးခဲ့တဲ့ မတ်လမှာ စတင်စုဖွဲ့ လေ့ကျင့်ခဲ့တာဖြစ်ပြီး မနက်ဖြန် စတင်ကစားရမယ့် အာဆီယံ ယူ-၂၃ ပြိုင်ပွဲမှာ ခြေစွမ်းပြ ကစားနိုင်အောင်၊ ရလဒ်ကောင်းမွန်အောင် ပြင်ဆင်ထားပါတယ်။

"လက်ရှိအသင်းနဲ့ပဲ အာရှ ယူ-၂၃ ခြေစစ်ပွဲနဲ့ ဆီးဂိမ်းအမျိုးသားဘောလုံးပွဲစဉ်တွေကို ဆက်လက်ယှဉ်ပြိုင်ရမှာပါ။ ဒါကြောင့် အသင်းက ပိုပြီး စုစုစည်းစည်းနဲ့ ညီညွတ်မှုရှိနေပါတယ်။ ပြိုင်ဘက်တိုင်းကို လေးစားမှုနဲ့ ယှဉ်ပြိုင်သွားမှာပါ။ ဒီပြိုင်ပွဲကိုလာတဲ့ အသင်းတိုင်းက ရလဒ်ကောင်းရဖို့၊ ဒီထက်ပိုပြီး ချန်ပီယံဖြစ်ဖို့ဆိုတဲ့ ရည်မှန်းချက်နဲ့ လာကြတာပါ။ ကျွန်တော်တို့မှာလည်း ရည်မှန်းချက် ရှိပြီးသားပါ။ ရည်မှန်းချက်အတိုင်း သေသေချာချာ ကြိုးစားသွားပါမယ်။ ကျွန်တော်တို့အသင်း ခြေစွမ်းပြနိုင်ပြီး ပရိသတ်တွေ ပျော်ရွှင်စေချင်ပါတယ်" ဟု ပြောကြားသည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ-MFF**

# အိန္ဒိယ၌ ပထမဆုံး တက်စ်လာကုမ္ပဏီ ကားအရောင်းပြခန်းဖွင့်




**နယူးဒေလီ ဇူလိုင် ၁၅**

အိန္ဒိယ အီးဗွီကားဈေးကွက်ထဲသို့ တရားဝင်ဝင်ရောက်နိုင်ရန် အမေရိကန်ကားထုတ်လုပ်ရေးနှင့် သန့်ရှင်းသောစွမ်းအင် ကုမ္ပဏီဖြစ်သည့် တက်စ်လာသည် ၎င်း၏ပထမဆုံး ကားအရောင်းပြခန်းကို ဇူလိုင် ၁၅ ရက်တွင် အိန္ဒိယ၌ဖွင့်လှစ်ခဲ့သည်။

အိန္ဒိယနိုင်ငံ၏ စီးပွားရေးမြို့တော်မွမ်ဘိုင်းရှိ မိတ်ကာ မက်စီးတီး ဈေးဝယ်ကုန်တိုက်တွင် ဖွင့်လှစ်ထားသောအဆိုပါအရောင်းပြခန်းကို မဟာရက်ရှ်တရာဝန်ကြီးချုပ် ဒီဗန်တရာဖက်နာဗီးစ် တက်ရောက်ခဲ့သည်။

ယခုအချိန်တွင် တက်စ်လာသည် အိန္ဒိယတွင် ၎င်း၏ Model Y SUV များကိုသာ ရောင်းချမည်ဖြစ်ပြီး ရောင်းအားတိုးလာသည်နှင့်အမျှ အခြားသော မော်ဒယ်များကို တိုးချဲ့ရောင်းချသွားရန် စီစဉ်ထားသည်။

တက်စ်လာသည် တာတာမော်တော်ကားကုမ္ပဏီနှင့် မဟင်ဒရာမော်တော်ကားကုမ္ပဏီကဲ့သို့သော ပြည်တွင်း အီးဗွီကားထုတ်လုပ်သူများထက် ဘီအမ်ဒဗလျူနှင့် မာစီးဒီးဘင့်ဇ်ကဲ့သို့ ဂျာမန်ဇိမ်ခံကားထုတ်လုပ်သည့် ကုမ္ပဏီများနှင့် အဓိကယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဆင်ဟွာ

# ၄၈ နာရီအတွင်း အိန္ဒိယနိုင်ငံ၌ မိုးကြိုးပစ်မှုကြောင့် လူ ၂၁ ဦးသေဆုံး

**နယူးဒေလီ ဇူလိုင် ၁၅**

လွန်ခဲ့သည့် ၄၈ နာရီအတွင်း အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဂျာခန်နှင့် ဘီဟာပြည်နယ်များတွင် မိုးကြိုးပစ်၍ အနည်းဆုံး လူ ၂၁ဦး သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာ ရခဲ့ကြောင်း တာဝန်ရှိသူများက ဇူလိုင် ၁၅ ရက်တွင် ပြောကြားခဲ့သည်။



အာဏာပိုင်များ၏ ပြောကြားချက်အရ သေဆုံးသူအများစုသည် မိုးကြိုးပစ်ခံရချိန်တွင် ၎င်းတို့၏ လယ်ကွင်းများထဲတွင် အလုပ်လုပ်နေကြသည်ဟု သိရသည်။ ဂျာခန်ပြည်နယ်တွင်သေဆုံးမှု ၁၂ မှုရှိသည်ဟု အစီရင်ခံခဲ့သော်လည်း အိမ်နီးချင်း ဘီဟာပြည်နယ်၌ ကိုးဦးသေဆုံးခဲ့ကြောင်း သတင်းရရှိခဲ့သည်။

ဂျာခန်ပြည်နယ်ရှိ ဂီရီဒစ်နှင့် ဒမ်ကာဒေသများသည် မိုးကြိုးပစ်ခံရဆုံး ဒေသများဖြစ်သည်။

မုတ်သုံ ရာသီအတွင်း ရုတ်တရက် မိုးကြိုးပစ်နိုင်ခြေရှိခြင်းကြောင့် မိုးကြိုးပစ်ချိန်တွင် အိမ်ထဲ၌နေကြရန် အာဏာပိုင်များက သတိပေးထားသည်။

တစ်ချိန်တည်းတွင် အိန္ဒိယ မိုးလေဝသဌာနက ဂျာခန်နှင့် ဘီဟာပြည်နယ်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မိုးကြိုးအန္တရာယ်သတိပေးချက်ကို ဇူလိုင် ၁၇ ရက်အထိ ထုတ်ပြန်ထားသည်။

အိန္ဒိယနိုင်ငံတွင် နှစ်စဉ် မုတ်သုံရာသီတွင် မိုးကြိုးပစ်ခြင်းများကြောင့် လူရာနှင့်ချီ သေဆုံးလျက်ရှိသည်။

ဆင်ဟွာ

# အင်ဒိုနီးရှား မန်တာဝေကျွန်း၌ လှေတိမ်းမှောက် လူ ၁၇ ဦးကို အသက်ကယ်တင်နိုင်

**ဂျကာတာ ဇူလိုင် ၁၅**

အင်ဒိုနီးရှားနိုင်ငံ မန်တာဝေကျွန်းစုရှိ ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့က ဇူလိုင် ၁၄ ရက်တွင် အနောက်ဆူမတြား၊ ဆိုင်ပိုရာ ရေလက်ကြားတွင် လှေတိမ်းမှောက်ပြီးနောက် လူ ၁၇ ဦးကို အသက်ရှင်လျက်ကယ်တင်နိုင်ခဲ့ကြောင်း ဇူလိုင် ၁၅ ရက်တွင် ပြောကြားခဲ့သည်။

ကလေးငယ် အများအပြား အပါအဝင် ခရီးသည် ၁၈ ဦး လိုက်ပါလာသည့် လှေသည် ဒေသစံတော်ချိန် နံနက် ၈ နာရီဝန်းကျင်တွင် ဆီကာကပ်ကျွန်းမှ ထွက်ခွာခဲ့ပြီး ဆိုင်ပိုရာကျွန်းသို့ သွားရောက်စဉ် ရာသီဥတုပြင်းထန်သဖြင့် နံနက်၁၁နာရီခန့်တွင် တိမ်းမှောက်ခဲ့ကြောင်း သိရသည်။



မန်တာဝေကျွန်းများ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးရုံး၏ အကြီးအကဲ ရူဒီအီဟူက အသက်ရှင်ကျန်ရစ်သူ အများအပြားသည် အနီးရှိ ကျွန်းများ၏ ကမ်းခြေများသို့ ကူးခတ်နိုင်ခဲ့ကြောင်း ဆင်ဟွာသို့ ပြောကြားခဲ့သည်။

ရေစီးကြောင်းများ၊ လှိုင်းလုံးများနှင့် လေများက ၎င်းတို့ကို ကမ်းခြေသို့ ရောက်အောင် ကူညီခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ပြင်းထန်သော ရာသီဥတုကြောင့် လှေတိမ်းမှောက်ခြင်း ဖြစ်နိုင်ကြောင်း ၎င်းကမှတ်ချက်ပြုပြောကြားသည်။ ကယ်ဆယ်ရေးသမားများက ပျောက်ဆုံးနေသူတစ်ဦးကို ဆက်လက်ရှာဖွေလျက်ရှိသည်။

ဆင်ဟွာ

# အီရတ်နိုင်ငံမြောက်ပိုင်းရှိ ရေနံမြေကို ဒရုန်းယာဉ်ဖြင့် တိုက်ခိုက်

**ဘဂ္ဂဒက် ဇူလိုင် ၁၅**

ဖောက်ခွဲရေးဒရုန်းယာဉ်တစ်စင်းသည် ဇူလိုင် ၁၅ ရက် နံနက်ပိုင်းတွင် အီရတ်နိုင်ငံမြောက်ပိုင်း တစ်စိတ်တစ်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သည့် ကာဒစ္စတန်ဒေသ ဒူဟုတ်ပြည်နယ်ရှိ ဆာစန်ရေနံမြေကို တိုက်ခိုက်ခဲ့သည်ဟု ဒေသအာဏာပိုင်များက ပြောသည်။

ဇူလိုင် ၁၄ ရက်က ဖောက်ခွဲရေး ဒရုန်းယာဉ်နှစ်စင်းကို အသုံးပြု၍ အာဘီပြည်နယ် ခူမာလာရေနံမြေကို ပစ်မှတ်ထားသည့် တိုက်ခိုက်မှုပြုလုပ်ပြီးနောက် ထပ်မံတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ကာဒစ္စတန်ဒေသ အစိုးရ၏သဘာဝအရင်းအမြစ် ဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဒရုန်းယာဉ်ဖြင့် တိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းကြောင့် အဆိုပါနေရာရှိ လုပ်ငန်းလည်ပတ်မှုများ ရပ်တန့်ထားခဲ့ရသည်။

အီရတ်နိုင်ငံတွင် မကြာသေးမီက ဒရုန်းယာဉ်ဖြင့် တိုက်ခိုက်မှုများ တိုးလာသည်။

ဆင်ဟွာ

# တိုင်ဖွန်းမုန်တိုင်းနာရီ ဂျပန်နိုင်ငံဟော့ကိုင်းဒိုးကို ဖြတ်ကျော်ဝင်ရောက်

**တိုကျို ဇူလိုင် ၁၅**

တိုင်ဖွန်းနာရီသည် ဇူလိုင် ၁၅ ရက်တွင် ဟော့ကိုင်းဒိုးကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်ခဲ့သည်။ ၂၀၁၆ ခုနှစ်မှစပြီး ဂျပန်နိုင်ငံမြောက်ပိုင်းအဓိကကျွန်းကို ပထမဆုံးအကြိမ် မုန်တိုင်းဝင်ရောက်ခဲ့ခြင်းဖြစ်သည်ဟု ဂျပန်မိုးလေဝသအေဂျင်စီက ပြောသည်။

ပစိဖိတ်ဒေသ ချီချီဂျီးမားကျွန်းတောင်ဘက် ကီလိုမီတာ ၂၀၀ အကွာတွင် သီတင်းပတ်ကုန်က ဖြစ်ပေါ်ခဲ့သည့် အဆိုပါမုန်တိုင်းသည် ဟော့ကိုင်းဒိုးသို့ မချဉ်းကပ်မီ ဂျပန်ကျွန်းစု၏ အရှေ့ဘက်ခြမ်းတစ်လျှောက် ရွေ့လျားခဲ့ပြီး ဒေသစံတော်ချိန် နံနက် ၉ နာရီခန့်တွင် အင်အားအလွန်ကောင်းသော အပူပိုင်းမုန်တိုင်းအဖြစ် ပြောင်းလဲဖြစ်ပေါ်ခဲ့သည်။

ကူရှီရိုမြို့၌ အမြင့်ဆုံးလေတိုက်နှုန်း တစ်နာရီလျှင် ၈၇ ဒသမ ၄၈ ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်ခဲ့သဖြင့် ဟော့ကိုင်းဒိုးတွင် လေပြင်းတိုက်ခတ်မှုများအား သတိပြုနေထိုင်ရန် မိုးလေဝသတာဝန်ရှိသူများက ပြည်သူများကို တိုက်တွန်းထားသည်။

ဆင်ဟွာ



# ဂျပန်၌ လာမည့်နှစ်အတွင်း ကုန်ဈေးနှုန်းအမြင့်ဆုံး မြင့်တက်မည်ဟု စားသုံးသူများ ခန့်မှန်း

**တိုကျို ဇူလိုင် ၁၅**

ဂျပန်ဗဟိုဘဏ်၏ စစ်တမ်းတစ်ခုအရ လာမည့်တစ်နှစ်အတွင်း ကုန်ဈေးနှုန်းများ အမြင့်ဆုံး မြင့်တက်လိမ့်မည်ဟု စားသုံးသူများက ခန့်မှန်းကြောင်း၊ အဆိုပါ စစ်တမ်းကို ဖြေဆိုသူများက ဈေးနှုန်းများသည် ပျမ်းမျှအားဖြင့် ၁၂ ရာခိုင်နှုန်းကျော် မြင့်တက်သွားလိမ့်မည်ဟု ခန့်မှန်းခဲ့ကြသည်။ ဂျပန်ဗဟိုဘဏ်သည် သုံးလတစ်ကြိမ် အဆိုပါစစ်တမ်းကို ကောက်ယူခဲ့သည်။ နိုင်ငံတစ်ဝန်းရှိ အသက် ၂၀ နှင့်အထက် လူပေါင်း ၂၀၀၀ ခန့်ကို စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်သည်။

ဖြေဆိုသူ ၈၅ ရာခိုင်နှုန်းက ယခုမှစပြီး တစ်နှစ်အတွင်း ကုန်ဈေးနှုန်းများ တက်လာလိမ့်မည်ဟု ခန့်မှန်းကြောင်း ဖြေဆိုခဲ့သည်။ ဈေးနှုန်းတက်ခြင်းနှင့်ပတ်သက်ပြီး မေးမြန်းမှုအပေါ်တစ်နှစ်အတွင်း ၁၂ ဒသမ ၈ ရာခိုင်နှုန်းနှင့် ၅ နှစ်အတွင်းမှာ ၉ ဒသမ ၉ ရာခိုင်နှုန်းတက်မည်ဖြစ်ကြောင်း ဖြေဆိုခဲ့ကြသည်။

လက်ရှိအိမ်ထောင်စု အခြေအနေတွေကို လွန်ခဲ့သည့် တစ်နှစ်နှင့် နှိုင်းယှဉ်ပြီး မေးမြန်းရာတွင် ၃ ဒသမ ၈ ရာခိုင်နှုန်းက ပိုအဆင်ပြေလာကြောင်း ဖြေကြားခဲ့သော်လည်း ယခုရလဒ်ကို ယခင်အခြေအနေနှင့် နှိုင်းယှဉ်ပါက ပိုဆိုးလာသည်ဟု ဆိုသည်။

ဈေးနှုန်းကြီးမြင့်ရခြင်းသည် ငွေကြေးဖောင်းပွမှုမြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း အများစုက ထောက်ပြကြသည်။

အင်န်အိတ်ချ်ကေ

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင်၁၁ရက်တွင်သီလဝါဆိပ်ကမ်း၌ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၄၈၄၇၀၅)ကိုလည်းကောင်း၊ ဇူလိုင် ၁၂ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ MAI Airlines လေယာဉ်ခရီးစဉ်အမှတ် 8M–232/ SF – 6582 ဖြင့် စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် မြန်မာနိုင်ငံသား ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀)ကိုလည်းကောင်း၊ ဇူလိုင် ၁၄ ရက်တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ အလုံး ၂၀ အတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၇၅၈၂၀၀၀)ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ် (ကုန်လှောင်ရုံ)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၃၉၆၀၀)ကိုလည်းကောင်း၊ ရန်ကုန်– ပဲခူးလမ်းဟောင်း ပဲခူးတိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၆၃၈၂၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၁၄၇၀၁၂၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ဇူလိုင် ၁၄ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီကုန်သွယ်ရေးဇုန်အနီးရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ဗိုလ်ရွဲလမ်း အင်ဂျင်ဝိုင်စက်ရုံဟောင်းအနီး၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်းလေးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၁၁၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၄ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ၁၁ စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် အစီး ၅၀ ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၆၅၈၀၁၂၅)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မြို့နယ်အသီးသီး၌ လိုင်စင်မဲ့ဆိုင်ကယ်များ လက်ဝယ်ထား စီးနင်းသူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇူလိုင် ၁၅**

မြို့နယ်အသီးသီး၌ ဇူလိုင် ၁၄ ရက်က လိုင်စင်မဲ့ဆိုင်ကယ်များ လက်ဝယ်ထား စီးနင်းသူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၄ ရက်က မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ ဘိုးလှကြီးရပ်ကွက်နေ အောင်မင်း (၃၆) နှစ်အား လည်းကောင်း၊ အလားတူ သထုံမြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ သိမ်ကုန်းရပ်ကွက်နေ စိုးဝင်း(ခ)ဝါးပလွေ (၃၈) နှစ်နှင့် အောက်ကျင်းရပ်ကွက်နေ စိုးမြင့်ဝင်း(၃၈)နှစ်တို့နှစ်ဦးအားလည်းကောင်း၊ အလားတူ ကျိုက်ထိုမြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ်ကို လက်ဝယ်ထားစီးနင်းသူ သုံးခွကျေးရွာနေ သက်နောင် (၄၃) နှစ် အားလည်းကောင်း၊ အလားတူ သံဖြူဇရပ်မြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ်ကို လက်ဝယ်ထားစီးနင်းသူ ဝယ်သွန်ချောင်ကျေးရွာနေ ဉာဏ်ဝင်း(၂၆)နှစ်အားလည်းကောင်း၊ အလားတူ မော်လမြိုင်မြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ်ကို လက်ဝယ်ထားစီးနင်းသူ ဇေယျာမြိုင်ရပ်ကွက်နေ မရွှန်းလဲ့ဝင်း (၁၉)နှစ် အားလည်းကောင်း၊ အလားတူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ်ကို လက်ဝယ်ထားစီးနင်းသူ ချစ်တီးကုန်းရပ်ကွက်နေ အောင်သက်ပိုင်ဦး(၂၁)နှစ်နှင့် ပေါက်ကုန်းရပ်ကွက်နေ လှိုင်မင်းထွန်း (၂၂) နှစ်တို့ နှစ်ဦးအားလည်းကောင်း၊ ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ စိန်ကုန်းရပ်ကွက်နေ လှိုင်ဖြိုးကျော် (၁၈)နှစ်အားလည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သဖြင့် အောင်မင်း၊ စိုးဝင်း(ခ)ဝါးပလွေ၊ စိုးမြင့်ဝင်း၊ သက်နောင်၊ ဉာဏ်ဝင်း၊ မရွှန်းလဲ့ဝင်း၊ အောင်သက်ပိုင်ဦး၊ လှိုင်မင်းထွန်းနှင့် လှိုင်ဖြိုးကျော်တို့အား သက်ဆိုင်ရာ ရဲစခန်းများ၌ ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ ၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မြို့သစ်မြို့နယ်၌ တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မြို့သစ် ဇူလိုင် ၁၅**

မကွေးတိုင်းဒေသကြီး ပြည်သူ့ ညွှန်ကြားမှုဖြင့် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်



တီဘီနှင့်အနာကြီးရောဂါ တိုက်ဖျက်ရေးဌာနမှ မြို့သစ်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ပြည်သူလူထုအတွင်း တီဘီရောဂါနှင့်အနာကြီးရောဂါ ကွင်းဆင်းရှာဖွေဖော်ထုတ်ခြင်းနှင့် ကုသပေးခြင်းလုပ်ငန်းကို ယနေ့နံနက်တွင် ထောက်ရှာတန်းကျေးရွာအုပ်စု ထောက်ရှာတန်းကျေးရွာ၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး တီဘီရောဂါနှင့် အနာကြီးရောဂါ တိုက်ဖျက်ရေးဌာနဝန်ထမ်းများက ပြည်သူများအား ကျန်းမာရေးအသိပညာပေး ဟောပြောခြင်း၊ တီဘီရောဂါ ရှိ/မရှိ ဓာတ်မှန်ရိုက်ခြင်း၊ သလိပ်စစ်ဆေးခြင်း၊ တီဘီရောဂါတွေ့ရှိသော လူနာများအား တီဘီဆေး အခမဲ့ပေးခြင်း၊ လူနာအား တီဘီရောဂါနှင့် ပတ်သက်သော ကျန်းမာရေး အသိပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းအိဇွန်(ပြန်/ဆက်)**

# ပန်းတနော်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဗီနိုင်းချိတ်ဆွဲ

**ပန်းတနော် ဇူလိုင် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ ယမန်နေ့က မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသိန်းဝင်းနှင့် ဝန်ထမ်းများ၊ သက်ဆိုင်ရာတာဝန်ရှိသူများပါဝင်ပြီး "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ" ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် ချိတ်ဆွဲထားရှိမှုကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၅**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “@moekyaw 3739” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကံဘဲ့ကျေးရွာနေ မိုးကျော်အား ည ၆ နာရီခွဲတွင် ဘုရားကြီးနယ်မြေရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# အသွင်သစ်များဖြင့် မူးယစ်အန္တရာယ်

**ရွှေစင်**

မူးယစ်ဆေးဝါးပြဿနာဟာ ခေတ်အဆက်ဆက် ဖြေရှင်းရခက်တဲ့ ပြဿနာတစ်ရပ်အဖြစ် ကမ္ဘာမှာ တည်ရှိနေဆဲဖြစ်ပါတယ်။ လူသားတစ်ရပ်လုံးရဲ့ လူမှုစီးပွားဘဝတွေကို ပြင်းပြင်းထန်ထန် ထိခိုက်နစ်နာစေတဲ့ အဓိကစိန်ခေါ်မှုတစ်ရပ်လည်း ဖြစ်ပါတယ်။

အထူးသဖြင့် လက်ရှိနဲ့ အနာဂတ်လူငယ်မျိုးဆက်တွေအကြား ကြီးကြီးမားမား ရင်ဆိုင်နေရတဲ့ ပြဿနာတစ်ရပ်လို့ ပြောလို့ရပါတယ်။ အသက်အန္တရာယ် ထိခိုက်နိုင်တဲ့အထိ ဘေးထွက်ဆိုးကျိုးများစွာရှိတာကို သိရှိနေကြတဲ့တိုင် လွယ်လင့်တကူ ဝယ်ယူသုံးစွဲခွင့်ရနေတဲ့ ဒီမူးယစ်ဆေးဝါးမျိုးစုံကို လူငယ်၊ လူကြီးမရွေး စိတ်ထွက်ပေါက်တစ်ခုအဖြစ်၊ လူငယ် သဘာဝ အပျော်အပါးမက်ပြီး ကိုယ့်နည်းကိုယ့်ဟန်နဲ့ ပျော်ရွှင်မှုကို ရှာမိတဲ့အဖြစ်ကနေ မူးယစ်သားကောင်ဘဝ ရောက်ကြရပါတော့တယ်။ လူမှုရေး၊ စီးပွားရေး ဆုတ်ယုတ်ပျက်စီးရတဲ့အထိ၊ ကိုယ်ကျင့်သိက္ခာ နိမ့်ကျပျက်ပြားရတဲ့အထိ အပျော်အပါးနောက်ကို မဆင်မခြင်အလွန်အကျူးလိုက်စားမိကြတဲ့အခါ အမြတ်ထုတ်သူတွေရဲ့ ဓားစာခံ၊ မူးယစ်ဆေးဝါးရဲ့ သားကောင်ဖြစ်ကြရပါတော့တယ်။

> **“ ယနေ့ခေတ် မူးယစ်ဆေးဝါးတွေက အရင်တွေ့နေကျ ပုံစံမဟုတ်တော့ပါဘူး။ အသွင်သစ်၊ အမြင်သစ်တွေ ဖြစ်လာကြပါပြီ။ ဓာတုဆေးဝါးဖော်စပ်မှုအသစ်တွေနဲ့ ပြုပြင်ဖန်တီးထုတ်လုပ်လာကြတာ တွေ့ရပါတယ်။ စိတ်ကို ပြောင်းလဲစေတဲ့ မူးယစ်ဆေးဝါးတွေ၊ ထုံထိုင်းမူးယစ်ဆေးဝါးတွေ၊ ဘိန်းဖြူ၊ WY နဲ့ Ice စတဲ့ မူးယစ်ဆေးဝါးတွေကို အခြေခံပြီး ထုတ်လုပ်ထားတဲ့ ခေတ်ပေါ်ဓာတုမူးယစ်ဆေးဝါးမျိုးစုံကို အသွင်သဏ္ဌာန်မျိုးစုံနဲ့ တွေ့လာနေရပါပြီ။ အလွယ်တကူရနေလို့ အသုံးများလာခြင်းလား ဆန်းစစ်ရပါမယ်။ မူးယစ်ဆေးဆိုတာ သုံးစွဲနေချိန်မှာ ဆေးရဲ့အရှိန်နဲ့ ကောင်းတဲ့စိတ်ခံစားမှုဖြစ်မယ်၊ ဆေးပြယ်ချိန်မှာ ဆိုးရွားပြင်းထန်တဲ့ဝေဒနာမျိုး ခံစားရမယ်။ ဒီအခါမှာ ဆေးရှိန် မပြယ်စေဖို့အတွက် ဆေးကို ဆက်တိုက်သုံးစွဲဖြစ်သွားတယ်။ အဲဒီကတစ်ဆင့် မူးယစ်ဆေးကို စွဲလမ်းတဲ့အဆင့် ရောက်သွားမယ်။ ဒီအချက်တွေက မူးယစ်ဆေးရဲ့သဘောသဘာဝကို ပြနေတာဖြစ်ပါတယ် ”**

**အသွင်သစ် မူးယစ်ဆေးဝါးကို ဘယ်လိုသုံးစွဲနေကြသလဲ**

ခေတ်အဆက်ဆက် အပျော်အပါးလိုက်စားကြတဲ့ Party ပွဲ၊ ထိုမှ DJ ခေတ်ကနေ Hi ခန်း၊ Happy Water ၊ E တို့ K တို့ စတဲ့ဝေါဟာရတွေ ယခုအခါ ခေတ်စားလာခဲ့ပါပြီ။ မှောင်တစ်ခါ၊ လင်းတစ်လှည့် ခပ်ဝါးဝါးခပ်မှိန်မှိန် ရောင်စုံမီးများ၊ DJ သံ ဆူဆူညံညံနဲ့ သီးသန့်အလုံပိတ်အခန်းတွေထဲက ညများရဲ့ ဇာတ်လိုက်ကျော် မူးယစ်ဆေးတစ်မျိုးဖြစ်တဲ့ မြန်မာမှုပြု ခေါင်းခါဆေး တစ်နည်းပျော်ရွှင်ဆေး (Happy Water) တစ်မျိုးဟာ မူးယစ်ဆေးအဖြစ် နာမည်ကြီးနေခဲ့တာ နှစ်နဲ့ချီ ကြာနေပါပြီ။

ယခုအခါ နာမည်ကြီးကလပ်၊ ဘားနဲ့ KTV တွေ၊ EDM ပွဲတွေမှာ ဒီမူးယစ်ဆေးဝါးတွေကို လွယ်ကူစွာ သုံးစွဲခွင့်ရရှိနေကြပါတယ်။ High ကို အတိုကောက် Hi လို့ ယူထားတဲ့ ဟိုင်းခန်းလို့ ခေါ်တဲ့ သီးသန့်အခန်းတွေဟာ ယခုဆိုရင် အလွန်ခေတ်စားနေတဲ့ စိတ်အပန်းဖြေရာ နေရာတစ်ခုဖြစ်နေပြီး ကလပ်မှာ Hi လို့မရရင်တောင် KTV အခန်းတွေ၊ ဟိုတယ်တွေမှာ Hi လို့ရတဲ့ အခြေအနေဖြစ်နေပါပြီ။ ဟိုင်းခန်းတွေမှာ လူငယ်တွေဟာ သီချင်းဆိုဖို့ချည်းမဟုတ်၊ အခန်းတွင်းအခန်းပြင် လွှမ်းမိုးနေတဲ့ DJ အသံတွေ၊ ပေါက်ကွဲသံစဉ် music တွေအောက်မှာ တစ်ချိန်လုံး၊ တစ်ညလုံး ကခုန်မြူးတူး ပျော်ပါးဖြစ်သွားကြတယ်။

ဒါ့အပြင် အခုလိုဟိုင်းခန်းတွေမှာ အခြားမူးယစ်ဆေးများဖြစ်တဲ့ E အခေါ် အက်စတာ စီ၊ K အခေါ် ကတ်တမင်းဆေး (Party Drug) တွေကိုလည်း Happy Water နဲ့ တွဲစပ်သုံးစွဲကြတာမျိုးလည်း ရှိလာကြတယ်။ “ဟိုင်း” မယ်ဆိုတာက ဟိုင်းခန်းတွေမှာ အဲဒီဆေးတွေကို ပေါင်းစပ်သုံးစွဲခြင်းကို ရည်ညွှန်းတဲ့ ဘန်းစကားတစ်ခုပါ။ တချို့လူငယ်တွေဆိုရင် ၂ ရက်၊ ၃ ရက်အထိ ဆက်တိုက်ဟိုင်းကြတယ်လို့ သိရပါတယ်။ ဒီဆေးတွေကို သုံးစွဲပြီးရင် အသိစိတ်က ပြင်ပကမ္ဘာတစ်ခုကို ရောက်ရှိသွားသလိုဖြစ်ပြီး မြူးမြူးကြွကြွတေးသံများနဲ့ စီးမျောခံစားကာ အဆက်မပြတ် ကခုန်နိုင်စွမ်းရှိကြတယ်လို့ ဆိုပါတယ်။

ကခုန်နေချိန်မှာ ဘယ်လိုနာကျင်မှုမျိုးမှမရှိ၊ အဆက်မပြတ်ကခုန်ခဲ့ခြင်းရဲ့ နောက်ဆက်တွဲက ဆေးပြယ်ပြီး နောက်နေ့တွေမှာမှ ကိုယ်ခန္ဓာနာကျင်မှုဒဏ်ကို အလွန်အမင်းခံစားရတယ်လို့ မိတ်ဆွေတစ်ဦးပြောပြတာကို နားထောင်ခဲ့ရဖူးပါတယ်။ ဟိုင်းခန်းတွေမှာ မူးယစ်စိတ်ကြွဆေးဝါးတွေ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာကြသလို Hi girl လို့ခေါ်ကြတဲ့ ဟိုင်းမယ်အလုပ်ကလည်း အလွန်တွက်ခြေကိုက်တယ်လို့ ဆိုပါတယ်။ လိင်ကိစ္စမပါဘဲ စိတ်ကြွဆေးဝါးတွေသုံး၊ ညော့်သည်တွေနဲ့ တစ်ညလုံး တွဲဖက်ကခုန်ပေးရပြီး ဝင်ငွေကောင်းတဲ့အလုပ်မျိုးဖြစ်တဲ့အတွက် အမျိုးသမီးငယ်တွေအကြား ခေတ်စားလျက်ရှိနေပြန်ပါတယ်။

> **“ ဒါ့အပြင် အခုလိုဟိုင်းခန်းတွေမှာ အခြားမူးယစ်ဆေးများဖြစ်တဲ့ E အခေါ် အက်စတာ စီ၊ K အခေါ် ကတ်တမင်းဆေး (Party Drug) တွေကိုလည်း Happy Water နဲ့ တွဲစပ်သုံးစွဲကြတာမျိုးလည်း ရှိလာကြတယ်။ “ဟိုင်း” မယ်ဆိုတာက ဟိုင်းခန်းတွေမှာ အဲဒီဆေးတွေကို ပေါင်းစပ်သုံးစွဲခြင်းကို ရည်ညွှန်းတဲ့ ဘန်းစကားတစ်ခုပါ။ တချို့လူငယ်တွေဆိုရင် ၂ ရက်၊ ၃ ရက်အထိ ဆက်တိုက်ဟိုင်းကြတယ်လို့ သိရပါတယ်။ ဒီဆေးတွေကို သုံးစွဲပြီးရင် အသိစိတ်က ပြင်ပကမ္ဘာတစ်ခုကို ရောက်ရှိသွားသလိုဖြစ်ပြီး မြူးမြူးကြွကြွတေးသံများနဲ့ စီးမျောခံစားကာ အဆက်မပြတ် ကခုန်နိုင်စွမ်းရှိကြတယ်လို့ ဆိုပါတယ် ”**

**သတိပြုဖွယ်ရာ ဖြစ်ရပ်တစ်ခု**

K နဲ့ E ကို လူငယ်အများစု အဓိကထား သုံးစွဲကြတယ်လို့ ထင်ကြပေမယ့် လက်တွေ့မှာတော့ လူလတ်ပိုင်းကနေ အသက် ၄၀ / ၅၀ အရွယ်တွေပါ သုံးစွဲနေကြတယ်လို့ သိရပါတယ်။ လူငယ်တွေမှာ အဓိကအချက်က သူငယ်ချင်းအချင်းချင်း စည်းရုံးမှု၊ ဆွဲဆောင်မှု၊ ဖိအားပေးမှုတွေအရ မိမိကိုယ်တိုင် သုံးစွဲမိရာကနေ၊ အချို့ လက်တည့်စမ်းအသုံးပြုရာကနေ လူငယ်ထုအတွင်းမှာ မြန်မြန်ဆန်ဆန် သုံးစွဲဖြစ်သွားတယ်လို့ ဆိုပါတယ်။ လူလတ်ပိုင်းဖြစ်တဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ လုပ်ငန်းခွင်မှာ စိတ်ဖိစီးမှုများတဲ့သူတွေ၊ အပျော်ရှာချင်တဲ့သူတွေလည်း သုံးကြပါတယ်။ ဟိုင်းခန်း တစ်ခါသွားရင် တစ်ဦးကို အနည်းဆုံး ဆယ်သိန်းခန့်ကုန်ကျနိုင်တာမို့ ဒီပမာဏကို ဖြုန်းနိုင်တဲ့အင်အားက လူငယ်တွေထက် လူကြီးတွေသာဖြစ်တယ်လို့လည်း ဆိုကြပါတယ်။

ဒီနေရာမှာ မိမိမိတ်ဆွေတစ်ဦးဖြစ်တဲ့ စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးတစ်ဦးရဲ့ အတွေ့အကြုံတစ်ခုကို သတိပြုဖွယ်ဖော်ပြလိုပါတယ်။ သူဟာ အလုပ်ကို အလွန်ကြိုးစားတဲ့အတွက် မိသားစုစီးပွားရေးမှာ အတော်အသင့် အောင်မြင်နေသူတစ်ဦးပါ။ အောင်မြင်နေချိန် သူငယ်ချင်းတွေ၊ လုပ်ဖော်ကိုင်ဖက်တွေနဲ့အတူ ဟိုင်းခန်းတွေ၊ KTV နဲ့ Party ပွဲတွေကို ဝင်ရောက်ဆင်နွှဲလေ့ရှိတယ်လို့ ဆိုပါတယ်။

အစပိုင်းမှာ ခပ်ကြဲကြဲပုံမှန်အတိုင်း စိတ်အပန်းဖြေရာအဖြစ်၊ အပျော်အပါးအဖြစ် သွားလာရာကနေ နောက်ပိုင်းမှာ ပါတီတွေ၊ ဘားတွေ၊ ကေတီဗွီရဲ့ထုံးစံအတိုင်း မသုံးမဖြစ် သုံးစွဲလိုက်ရတဲ့ ဆေးဝါးတွေကြောင့် နောက်ပိုင်းမှာ မသွားရမနေနိုင်၊ မသုံးရမနေနိုင်တဲ့အထိ ဖြစ်သွားပါတယ်။ မသွားသင့်၊ မလာသင့်၊ မိမိနဲ့မအပ်စပ်တဲ့နေရာတွေနဲ့ ခပ်စိတ်စိတ် ထိတွေ့လာတဲ့ အကျိုးဆက်က များပြားလှတဲ့ ကုန်ကျစရိတ်တွေပါပဲ။ အချိန်အတော်များများလည်း ပေးလိုက်ရတယ်။ အပျော်အပါးဘက် တပ်မက်လာတဲ့အခါ စီးပွားရေးဘက်မှာ ဘယ်မှာ အာရုံစိုက်နိုင်ပါတော့မလဲ။ တဖြည်းဖြည်း စီးပွားရေးထိခိုက်လာခဲ့ရတော့တာပေါ့။

စီးပွားရေးယိုယွင်းလာပြီး မိမိလုပ်ငန်းအခြေအနေ မကောင်းတော့တာကို ကိုယ်တိုင်အချိန်မလွန်ခင် ပြန်လည်ဆင်ခြင်မိပြီး အပေါင်းအသင်းတွေနဲ့ အမုန်းခံ၊ ခပ်ဝေးဝေးခွာခဲ့ပြီးမှ စီးပွားရေးကို ပြန်လည်အာရုံစိုက်ခဲ့ရပါတယ်တဲ့။ မူးယစ်ဆေးဝါး ဆိုးကျိုးများဟာ မိမိရဲ့ဂုဏ်သိက္ခာ၊ လုပ်ရည်ကိုင်ရည် စွမ်းဆောင်မှုနဲ့အောင်မြင်မှုတွေကို အလွယ်တကူ ဝါးမြို ဖျက်ဆီးပစ်နိုင်တယ်ဆိုတာ ပြသနေရုံမျှမက မိမိနဲ့မိသားစုတစ်ခုလုံးရဲ့ ဘဝအနာဂတ် တစ်ခုလုံးအတွက်လည်း အန္တရာယ်ဖြစ်စေနိုင်တယ်ဆိုတာ မိတ်ဆွေရဲ့အတွေ့အကြုံအရ သင်ခန်းစာယူဖွယ်ရာ တစ်ခုအဖြစ် တွေ့ရှိရပါတယ်။

**ဆိုးကျိုးများစွာနှင့် အသွင်သစ်မူးယစ်ဆေးများ**

ယနေ့ခေတ် မူးယစ်ဆေးဝါးတွေက အရင်တွေ့နေကျ ပုံစံမဟုတ်တော့ပါဘူး။ အသွင်သစ်၊ အမြင်သစ်တွေ ဖြစ်လာကြပါပြီ။ ဓာတုဆေးဝါးဖော်စပ်မှုအသစ်တွေနဲ့ ပြုပြင်ဖန်တီးထုတ်လုပ်လာကြတာ တွေ့ရပါတယ်။ စိတ်ကိုပြောင်းလဲစေတဲ့ မူးယစ်ဆေးဝါးတွေ၊ ထုံထိုင်း မူးယစ်ဆေးဝါးတွေ၊ ဘိန်းဖြူ၊ WY နဲ့ Ice စတဲ့ မူးယစ်ဆေးဝါးတွေကို အခြေခံပြီး ထုတ်လုပ်ထားတဲ့ ခေတ်ပေါ်ဓာတုမူးယစ်ဆေးဝါးမျိုးစုံကို အသွင်သဏ္ဌာန်မျိုးစုံနဲ့ တွေ့လာနေရပါပြီ။ အလွယ်တကူ ရနေလို့ အသုံးများလာခြင်းလား ဆန်းစစ်ရပါမယ်။ မူးယစ်ဆေးဆိုတာ သုံးစွဲနေချိန်မှာ ဆေးရဲ့အရှိန်နဲ့ ကောင်းတဲ့စိတ်ခံစားမှုဖြစ်မယ်၊ ဆေးပြယ်ချိန်မှာ ဆိုးရွားပြင်းထန်တဲ့ဝေဒနာမျိုး ခံစားရမယ်။ ဒီအခါမှာ ဆေးရှိန်မပြယ်စေဖို့အတွက် ဆေးကို ဆက်တိုက်သုံးစွဲ ဖြစ်သွားတယ်။ အဲဒီကတစ်ဆင့် မူးယစ်ဆေးကို စွဲလမ်းတဲ့အဆင့် ရောက်သွားမယ်။ ဒီအချက်တွေက မူးယစ်ဆေးရဲ့ သဘောသဘာဝကို ပြနေတာဖြစ်ပါတယ်။

အသွင်ပြောင်း မူးယစ်ဆေးဝါးအမျိုးမျိုးကို ရေရှည်သုံးစွဲဖြစ်လာတဲ့အခါ နာတာရှည်ကျန်းမာရေးဆိုင်ရာပြဿနာတွေ ဖြစ်လာမယ်၊ မိမိကိုယ်မိမိ မထိန်းချုပ်နိုင်တော့တဲ့ အသိမဲ့ စိတ်ပိုင်းဆိုင်ရာ ပြဿနာတွေကို ထပ်ဆင့်ရင်ဆိုင်လာရပြီဆိုရင်တော့ အမှန်အကန် မူးယစ်ဆေးစွဲနေပြီလို့ ပြောလို့ရနေပါပြီ။ Happy Water လို မူးယစ်ဆေးအနွယ်ဝင် စိတ်ကြွဆေးဝါးတွေဟာ သုံးစွဲမှုပမာဏအပေါ် မူတည်ပြီး ကျန်းမာရေးအပေါ်သက်ရောက်မှု အနိမ့်အမြင့် ရှိနိုင်ပါတယ်။ တစ်ဦးချင်းအနေဖြင့် ခန္ဓာကိုယ်ဖွဲ့စည်းပုံ၊ ခုခံအားစနစ်နဲ့ ဦးနှောက်လုပ်ဆောင်မှုပုံစံ မတူညီတဲ့အတွက်တော့ မူးယစ်ဆေးရဲ့ သက်ရောက်မှုက တူညီနိုင်မှာ မဟုတ်ပါဘူး။

**လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်**

မူးယစ်ဆေးဝါးသုံးစွဲခြင်းက လူငယ်တွေအတွက် ဘယ်လိုကြီးမားတဲ့ အန္တရာယ်ဖြစ်သလဲဆိုရင် တစ်ဦးချင်းကျန်းမာရေး၊ ပညာရေး၊ မိသားစုအရေးနဲ့ အနာဂတ်ဘဝကိုပါ ကြီးစွာထိခိုက်စေနိုင်ပါတယ်။ ဒါကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ပြဿနာတွေကို အချိန်မီကာကွယ်နိုင်ဖို့ မိဘတွေရဲ့တာဝန်ရှိမှုနဲ့အတူ သားသမီးကို ပြုစုစောင့်ရှောက်နိုင်ရေးက အလွန်ပဲ အရေးကြီးလှပါတယ်။ မိဘတွေအနေနဲ့ မိမိသားသမီးရဲ့စိတ်ခံစားမှုနဲ့ နေ့စဉ်အပြုအမူတွေ အပေါ်

*စာမျက်နှာ ၁၇ သို့*

# ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၅**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ **"ဒလန်၊ သတင်းပေး၊ သူလျှိုစတဲ့ စွပ်စွဲချက်မျိုးစုံနဲ့ ပြည်သူနဲ့ နိုင်ငံ့ဝန်ထမ်းများစွာကို သတ်ဖြတ်နေတဲ့ NUG လက်အောက်ခံ အကြမ်းဖက် PDF အဖွဲ့"** ခေါင်းစဉ်ဖြင့် ၁၆-၇-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံတကာသို့ သံတမန်ခြေလှမ်းသစ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ညောင်တုန်းမြို့၌ (၇၈)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲအခမ်းအနားကျင်းပ

**ညောင်တုန်း ဇူလိုင် ၁၅**

ညောင်တုန်းမြို့၌(၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ညောင်တုန်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ကျင်းပရာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်ဝင်းက အာဇာနည်ခေါင်းဆောင်ကြီးများ၏ အကြောင်း သမိုင်းကြောင်းသိကောင်းစရာများကို ကျောင်းသားကျောင်းသူများအား ရှင်းလင်းပြောကြားသည်။ ယင်းနောက် အလယ်တန်းပြ ဆရာမဒေါ်ချိုမာဦးက အာဇာနည်နေ့ဖြစ်ပေါ်လာပုံနှင့်အမျိုးသား ခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများနှင့်သက်ဆိုင်သည့်သမိုင်းကြောင်းများ၊နယ်ချဲ့အင်္ဂလိပ်တို့၏ယုတ်မာကောက်ကျစ်ပုံများကို ရှင်းလင်းဟောပြောသည်။

ထို့နောက် (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြိုကဗျာနှင့်စာစီစာကုံးပြိုင်ပွဲများကို ထက်/လယ်/မူအဆင့်လိုက်ခွဲကာ ကျင်းပခဲ့ကြောင်း သိရသည်။ **ထွန်းကျော်(ညောင်တုန်း)**

## အိမ်မဲမြို့နယ်၌ မိုးစပါး ၁၂ ဧကကို ကောက်စိုက်စက်ဖြင့် စိုက်ပျိုးသရုပ်ပြ

**အိမ်မဲ ဇူလိုင် ၁၅**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပါရမီဒေါင့်ကျေးရွာ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ မိုးစပါး နယူးဧရာ - 11 စပါးမျိုး ၁၂ ဧကကို ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယမန်နေ့က ပြုလုပ်သည်။

အဆိုပါသရုပ်ပြပွဲကို ပါရမီဒေါင့်ကျေးရွာ တောင်သူ ဦးသိန်းလွင်၏ ကွင်းအမှတ် (၃၄)၊ ဦးပိုင်အမှတ် ၃၁/၄ ၊ ၄၆/၁၊ စိုက်ဧက ၁၂ ဧက၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစိုးမြင့်အောင်နှင့် ဝန်ထမ်းများက ကောက်စိုက်စက်ဖြင့် နယူးဧရာ -11 စပါးမျိုးကို စိုက်ပျိုးလျက်ရှိရာ မြောင်းမြခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအဖွဲ့ဝင်များက ကြည့်ရှုအားပေးကြသည်။

**ချစ်သက်လယ် (ပြန်/ဆက်)**



## ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူ

**ကော့သောင်း ဇူလိုင် ၁၅**

လာမည့် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေကြောင်းရဲတပ်ဖွဲ့စု (ကော့သောင်း) မှ စုပေါင်းသွေးလှူဒါန်းခြင်းကို ဇူလိုင် ၈ ရက်က ကော့သောင်းပြည်သူ့ဆေးရုံကြီးတွင်လည်းကောင်း၊ စုပေါင်းသန့်ရှင်းရေးနှင့် ဘိုးဘွားများအား တစ်ကိုယ်ရေသန့်ရှင်းရေး ဆောင်ရွက်ပေးခြင်းကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက လည်းကောင်း ကော့သောင်းမြို့ ဘိုးဘွားရိပ်သာ၌ ပြုလုပ်သည်။



စုပေါင်း သွေးလှူရာ၌ ရေကြောင်းရဲတပ်ဖွဲ့စု(ကော့သောင်း) မှ တပ်ဖွဲ့စုမှူး ရဲမှူး ရဲမင်းထက် ဦးဆောင်၍ တပ်ဖွဲ့ဝင်လေးဦးတို့က ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းခြင်းဖြစ်ပြီး ကော့သောင်း ဘိုးဘွားရိပ်သာ၌လည်း ဇူလိုင် ၁၂ ရက်က တပ်ဖွဲ့ဝင်မိသားစုများက သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဘိုးဘွားများအား တစ်ကိုယ်ရေသန့်ရှင်းရေးများကို စုပေါင်း ပြုလုပ်ပေးကြသည်။

**ခရိုင်(ပြန်/ဆက်)**

## ရေးမြို့နယ်၌ (၇၈)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အသိပညာပေးဟောပြော

**ရေး ဇူလိုင် ၁၅**

(၇၈)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီခွဲက မွန်ပြည်နယ် ရေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ အထက - ခွဲ (အဏ္ဏဝါ)၊ အလက(၂) နှင့် အလက(၃)တို့တွင် ဆောင်ရွက်ပေးသည်။



ဟောပြောပွဲတွင် ရေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဇာဖြူဝင်းက(၇၈)နှစ်ရှိခဲ့ပြီးဖြစ်သည့် အာဇာနည်နေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် မျိုးချစ်အာဇာနည်ပုဂ္ဂိုလ်ကြီး ကိုးဦးတို့၏ အတ္ထုပ္ပတ္တိများကို ဟောပြောသည်။

ထို့နောက် ဟောပြောပေးသည့် အကြောင်းအရာအလိုက် ပြန်လည်မေးမြန်းခဲ့ရာ အဖြေမှန်သည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။**

*စာမျက်နှာ ၁၆ မှ*

**အကဲခတ်နေရပါမယ်။ အများအားဖြင့်တော့ မိမိရဲ့ သားသမီးတွေမှာ၊ မိတ်ဆွေသူငယ်ချင်းတွေမှာ မူမမှန်ဘဲ စိတ်ခံစားတ်တွေကျနေမယ်၊ ထင်ယောင်ထင်မှားဖြစ်လာမယ်၊ မိမိကိုယ်မိမိ ထိန်းချုပ်နိုင်မှုမရှိ၊ စားချင်သောက်ချင်စိတ်မရှိ၊ အိပ်ရေးခဏခဏပျက်မယ်၊ တွေဝေငေးမောနေတတ်မယ်ဆိုရင် မူးယစ်ဆေးများစွဲနေမလား သတိထားစောင့်ကြည့်ဖို့ လိုပါတယ်။**

ဒီအခါမှာ သားသမီးတွေနဲ့ ရင်းရင်းနှီးနှီး ပြောဆိုဆွေးနွေးဆက်ဆံပေးရမယ်၊ လူငယ်တွေရဲ့ ပြောစကားကို နားထောင်ပေးခြင်းနဲ့ မိမိသားသမီးရဲ့ လူမှုဆက်ဆံရေးပတ်ဝန်းကျင်ကို သိရှိနိုင်ရန် ကြိုးစားဆောင်ရွက်သင့်ပါတယ်။ ဒီလိုလုပ်ဆောင်ခြင်းကသာ မဖြစ်သင့်တဲ့ ရာဇဝတ်မှုတွေ၊ မူးယစ်ဆေးစွဲခြင်းလိုမျိုး အန္တရာယ်တွေကို တားဆီးကာကွယ်ရာရောက်ပြီး အရေးကြီးတဲ့ တာဝန်တစ်ရပ်ကို ထမ်းဆောင်နေခြင်းဖြစ်တယ်လို့ မိဘတွေကိုယ်တိုင်က ခံယူထားသင့်ပါတယ်။

မူးယစ်ဆေးဝါးနဲ့ ပတ်သက်တဲ့အန္တရာယ်တွေကို ကောင်းကောင်းမွန်မွန် ဆွေးနွေးပေးနိုင်ဖို့ မိသားစုအတွင်း နားလည်ယုံကြည်မှုအခြေပြုတဲ့ ဝန်းကျင်ကောင်းတစ်ခုကိုလည်း ဖန်တီးပေးထားဖို့ လိုပါတယ်။ ဒါမှသာ မိဘနဲ့သားသမီးတွေအကြား ဆက်ဆံရေးပိုမိုကောင်းမွန်လာမှာဖြစ်ပြီး သားသမီးတွေအနေနဲ့ ဘေးအန္တရာယ်တစ်ခုခု သို့မဟုတ် လူမှုရေးဆိုင်ရာပြဿနာတစ်ခုခုကို ရင်ဆိုင်လာရတဲ့အခါမှာ မိဘတွေထံ ယုံကြည်စိတ်ချမှုအပြည့်နဲ့ ဖွင့်ဟပြောဆိုနိုင်ကြမှာဖြစ်ပါတယ်။ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်တဲ့ ပညာရေး၊ မိသားစုကောင်းတစ်ခုရဲ့ ပံ့ပိုးမှုနဲ့ တိုးတက်တဲ့ လူမှုအဖွဲ့အစည်းတွေက တစ်ဆင့်သာ လူငယ်တွေအတွက် မူးယစ်ဆေး ကင်းပြီး တည်ငြိမ်ကောင်းမွန်တဲ့ အနာဂတ်လမ်းကြောင်းကို ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။

တကယ်လို့ မိမိ မိသားစုဝင်တစ်ဦးဦးဟာ မူးယစ်ဆေးဝါးသုံးစွဲနေတာကိုသိရှိရင် ဝိုင်းဝန်းအပြစ်တင် ရှုတ်ချပြောဆိုခြင်းမပြုဘဲ အပြုသဘောဆောင်တဲ့ပြောဆိုမှု၊ ကူညီဖေးမမှုနဲ့ အားပေးနှစ်သိမ့်မှုတွေကသာ အဓိကဖြစ်ပါတယ်။ အကြောင်းက ဆေးစွဲနေသူအများစုမှာ မူးယစ်ဆေးက မကောင်းမှန်း သိပင်ငြား မိမိရဲ့စွဲလမ်းစိတ်ကို တွန်းလှန်ရန် မစွမ်းသာတဲ့အတွက် မူးယစ်နွံမှ လွတ်မြောက်ဖို့ အလွန်ပင်ခက်ခဲနေတတ်ပြီး မူးယစ်စွဲလမ်း စိတ်ရဲ့ စေရာနောက်သို့ မျောပါသွားရတဲ့အတွက် ဖြစ်ပါတယ်။ ဒါကြောင့် မိသားစုရဲ့ စိတ်ပိုင်းဆိုင်ရာနဲ့ ရုပ်ပိုင်းဆိုင်ရာထောက်ပံ့ကူညီမှုတွေကသာ မူးယစ်ဆေးဖြတ်ရာမှာ အလွန်အရေးကြီးတဲ့ ကူညီထောက်ပံ့မှုတွေဖြစ်ပါကြောင်း တင်ပြပါရစေ။

ယခုခေတ်လူငယ်အချို့အနေနဲ့ **"အပျော်အပါးကို အလွန်အကျွံမလိုက်စားသင့်ပါ"** လို့ စေတနာနဲ့ ပြောပါရစေ။ ဘယ်လိုမူးယစ်ဆေးဝါးဖြစ်ဖြစ် လက်တည့်စမ်းမသုံးစွဲပါနဲ့။ တစ်ကြိမ်တစ်ခါ စမ်းသပ်သုံးစွဲမိတယ်ဆိုရင်တောင် မိမိဘဝတစ်ခုလုံးကို ဖျက်ဆီးပစ်နိုင်တဲ့ အန္တရာယ်ကြီးတစ်ခုအဖြစ် မြင်ရပါမယ်။ အန္တရာယ်အဖြစ်လက်ခံမိရင်လည်း ရှောင်လွှဲနိုင်တဲ့ စွမ်းအားရှိရမှာဖြစ်ပါတယ်။ အကြောင်းက မူးယစ်ဆေးဝါးရဲ့ အသွင်သဏ္ဌာန်ဘယ်လိုပြောင်းပြောင်း သက်ရောက်မှုအန္တရာယ်ကတော့ ဘယ်တော့မှ မပြောင်းလဲတဲ့အတွက် ဖြစ်ပါတယ်။

ခေတ်ရေစီးကြောင်းနဲ့အတူ မျောပါနေတဲ့ လူငယ်တွေကိုအကဲခတ်ပြီး လူကြီးမိဘတွေအနေနဲ့လည်း လူငယ်တွေ ပြောဆိုသုံးနှုန်းတတ်တဲ့ ခေတ်သစ်မူးယစ်ဆေး အခေါ်အဝေါ် အသုံးအနှုန်းတွေ၊ တစ်ခဏပျော်ရွှင်မှုရဖို့ အကြောင်းပြဆင်ခြေပေးပြီး အသုံးပြုနိုင်တဲ့ နည်းလမ်းမှန်သမျှ သိရှိနေအောင် ကြိုးစားသင့်ပါကြောင်းနဲ့ မိမိတို့ရဲ့သားသမီး၊ မိသားစုဝင်တွေ၊ သူငယ်ချင်းအပေါင်းအသင်းတွေကို လမ်းမှားမရောက်စေဖို့အတွက် သွန်သင်ဆုံးမနိုင်မယ့်၊ သတိထားရှောင်ကြဉ်ရမယ့် အချက်အလက်တွေကို ဒီဆောင်းပါးနဲ့ စေတနာရှေ့ထား မျှဝေလိုက်ရပါတယ်။ ။

# မင်္ဂလာဒုံမြို့နယ်၌ (၇၈) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကျင်းပ

**မင်္ဂလာဒုံ ဇူလိုင် ၁၅**

(၇၈) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၌ အသိပညာပေးဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့က ကျင်းပသည်။

ဟောပြောပွဲတွင် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းမော်က အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က အာဇာနည်နေ့အကြောင်း သိကောင်းစရာများကို လည်းကောင်း၊ မြို့နယ်စာရေးဆရာအသင်းမှ ဥက္ကဋ္ဌ စာရေးဆရာ ငွေစိုး (ရွှေကြိန့်မြေ) က "လူငယ်နှင့် ခေါင်းဆောင်ကောင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာမ ကြည်သာရည် (မြရည်နန္ဒာ) က "ကျောင်းသားနှင့် ကိုယ်ကျင့်တရား" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လူတော်လူကောင်း ဖြစ်လာစေရန်နှင့် နိုင်ငံ့သားကောင်းရတနာလေးများ ဖြစ်လာစေရန် အတတ်ပညာ၊ အသိပညာပြည့်ဝအောင် ကြိုးစားကြစေလိုကြောင်း စသည်ဖြင့် အသိပညာပေး ဟောပြောကြသည်။

ထို့နောက် ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ကလေးအလုပ်သမား ပပျောက်ရေး၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ/ရသစာအုပ်စာစောင်များကို စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မင်းသိန်းထွန်း**





## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ဖလား ဘောလုံးပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၅**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) ၏ ၂၀၂၅ ခုနှစ် ပါမောက္ခချုပ်ဖလား ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၇ ရက်မှ ၁၄ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းရှိ မြက်ခင်းတု ဘောလုံးကွင်း၌ကျင်းပရာ ကျောင်းသား ကျောင်းသူများ အသင်း ခြောက်သင်းခွဲ၍ ပါဝင်ယှဉ်ပြိုင်ကြသည်။

ယမန်နေ့က ကျင်းပသည့် ဗိုလ်လုပွဲတွင် နောင်ဆုံးနှစ် ဘီဒီအက်စ်အသင်းက စတုတ္ထနှစ် ဘီဒီအက်စ်အသင်းကို အနိုင်ရရှိခဲ့သည်။ ထို့နောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ သက်ဆိုင်ရာ ပါမောက္ခ/ဌာနမှူးများက နေရာအလိုက် အကောင်းဆုံးဆုများနှင့် ဆုတံဆိပ်လည်ဆွဲတို့ကိုလည်းကောင်း၊ ပါမောက္ခချုပ် ဒေါက်တာ ကျော်သီဟက ပထမဆုနှင့် ငွေသားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။ **KTH**

## ဆင်ပေါင်ဝဲမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု လူငယ်ရေးရာ အသိပညာပေးဟောပြော

**ဆင်ပေါင်ဝဲ ဇူလိုင် ၁၅**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျောက်ဆောင်စမ်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသခြင်းကို ယနေ့မွန်းလွဲ ၁ နာရီခွဲက ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးအောင်ကျော်မြင့်က လူငယ်နှင့် မျိုးချစ်စိတ်ဓာတ် အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်ပညာရေးမှူး ဦးဝင်းနိုင်က ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် အချက်များကိုပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းက လူငယ်နှင့် စာဖတ်ခြင်း အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောကြသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျောင်းအုပ်ဆရာမကြီးထံ စာအုပ်များလှူဒါန်းကြသည်။ ယင်းနောက် ပြသထားသော နံရံကပ်ပိုစတာများကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ညောင်ဦးမြို့၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသုံးမျိုးဆင်းပွဲအခမ်းအနားကျင်းပ

**ညောင်ဦး ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ) က ဖွင့်လှစ်သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသုံးမျိုးဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက Aureum Place Hotel ကျန်စစ်သားခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ညောင်ဦး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညို က အမှာစကားပြောကြားပြီး ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသုံးမျိုးတွင် ဆုရရှိသည့် သင်တန်းသား သင်တန်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်၊ ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေး သင်တန်းနှင့် အစားအစာနှင့် အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးသင်တန်းတို့တွင် ဆုရရှိသည့် သင်တန်းသား သင်တန်းသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ) ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်က တက်ရောက်ခဲ့သည့် သင်တန်းသား သင်တန်းသူများကို သင်တန်းဆင်း အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။




**မြို့နယ်(ပြန်/ဆက်)**



ကယားပြည်နယ် လွိုင်ကော်မြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျောင်းသား ကျောင်းသူများအား မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြခြင်းများကို ဇူလိုင် ၁၄ ရက်တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးညီထွေးဦးနှင့် တပ်ဖွဲ့ဝင်များက ဆောင်ရွက်စဉ်။ JJJ

## မအူပင်မြို့နယ်၌ မျိုးစပါးများကို အစေ့ချက်ကိရိယာဖြင့် စိုက်ပျိုးလျက်ရှိ



**မအူပင် ဇူလိုင် ၁၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရေလဲကလေးကျေးရွာ၌ ရွှေဖိုးသာစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ ကွင်းအမှတ်(၇၅၇) ဦးပိုင်အမှတ်(၅)၊ အသင်းသား တောင်သူ ဦးလှအောင်၏ လယ်မြေ ၅ ဧကတွင် မှော်ဘီ ၃ မျိုးစပါးနှင့် ကွင်းအမှတ်(၇၅၇) ဦးပိုင်အမှတ်(၂၄)၊ အသင်းသားတောင်သူ ဦးမောင်ကျော်၏ လယ်မြေ ၈ ဒသမ ၂၇ ဧကတွင် စာဖိုးသာမျိုးစပါးများကို အစေ့ချက်ကိရိယာဖြင့် စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မိုင်းလားမြို့အနီး အင်အားအနည်းငယ်ရှိငလျင်လှုပ်

**နေပြည်တော် ဇူလိုင် ၁၅**

၂၀၂၅ ခုနှစ် ဇူလိုင် ၁၄ ရက် မြန်မာစံတော်ချိန် ၂၀ နာရီ ၄၉ မိနစ် ၅၃ စက္ကန့်အချိန်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ အရှေ့-အရှေ့မြောက်ဘက် မိုင် ၂၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မိုင်းလားမြို့၏ တောင်-အနောက်တောင်ဘက် ၂၂ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် (၂၁.၃၈) ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် (၉၉.၈၈) ဒီဂရီ၊ အနက် ၇ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃.၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

## မိုင်းရှူးမြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**မိုင်းရှူး ဇူလိုင် ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်တွင် လွိုင်လင်ခရိုင် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မျိုး ဦးဆောင်မှုဖြင့် ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီက မိုင်းရှူးမြို့ နားစံကျေးရွာ ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း၌ ဆောင်ရွက်ခဲ့သည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က သစ်ပင်စိုက်ပျိုးပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပျိုးပင်များ ပေးအပ်ရာ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းလီက လက်ခံယူသည်။

ဆက်လက်၍ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထွန်းနိုင်ဦး၊ ခရိုင်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်အေးချမ်း၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးလင်းထိုက်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဇော်မင်း၊ မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူး ကျော်လင်းနှင့် သစ်တောဦးစီးဌာန တောအုပ် ဦးအောင်ထွန်းလင်းတို့က ပျိုးပင်များ ပေးအပ်ခဲ့ရာ ကျောင်းထိုင်ဆရာတော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာမနှင့် ကျေးရွာနေပြည်သူများက လက်ခံယူကြပြီး ချယ်ရီ၊ ကျွန်း၊ ခါတော်မီ၊ စိန်ပန်းနီနှင့် စိန်ပန်းပြာ စုစုပေါင်း ပျိုးပင် ၁၅၀၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**သန်းလှ(ပြန်/ဆက်)**


ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နီလာပျိုးဂျာနယ် ထွက်ရှိ



၁၅-၇-၂၀၂၅ ရက်နေ့ထုတ် အတွဲ (၂၂)၊ အမှတ် (၁၄) တွင်
- FDA မှ ခွင့်ပြုထားသည့် ယင်မနားဆေးအသုံးပြုနေသော ငါးခြောက်များကို သတိပြုရန်လို
- ပုပ္ပါးတောင်မကြီးသို့ နေ့ချင်းပြန် တောင်တက်သူများပြားလာမည်
- မြန်မာ့ရေမြေနှင့်ကိုက်ညီသော ကြီးထွားမြန် သစ်မျိုးစိတ်ပေါ်လူနီးယားကို စိုက်ပျိုးသူ မြင့်တက်နေ
- ငုံးမွေးမြူရေးလုပ်ငန်း ဖွန်လဆန်းပိုင်းမှစတင်ကာ ပြန်လည်ကောင်းမွန်လာ
- သဘာဝမြေဆွေးမြေဩဇာကို ယခင်ထက် ပိုတွင်ကျယ်စွာ သုံးစွဲနိုင်ရေးနည်းပညာနှင့် ချေးငွေပံ့ပိုးပေးသင့်
- အလုပ်အကိုင် တစ်ပါတည်းရရှိနိုင်မည့် ဆန်ကြိတ်ခွဲထုတ်လုပ်နည်းပညာသင်တန်း ဖွင့်လှစ်မည်
- အီလက်ထရွန်နစ်အမှိုက်မှ ရွှေထုတ်နိုင်မည့်နည်း ဩစတြေးလျတီထွင်
- လယ်ယာကဏ္ဍကို တိုးတက်ပြောင်းလဲသွားစေမည့် AI စနစ် စသည်တို့ အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၅၀၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal


**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ။**

## ပင်လုံတက္ကသိုလ်၌ မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**ပင်လုံ ဇူလိုင် ၁၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လုံတက္ကသိုလ် ဘက်စုံခန်းမ၌ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ် တိုက်ဖျက်ရေး အသိပညာပေး ဟောပြောပွဲကျင်းပသည်။



ဦးစွာ ပင်လုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်လေးရီက အမှာစကားပြောကြားသည်။ ထို့နောက် လွိုင်လင်ခရိုင် အမှတ် (၂၇) မူးယစ်တပ်ဖွဲ့စုမှူး ရဲမှူး တင်စိုးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးနှင့် လိုက်နာ ဖွယ်ရာများအကြောင်းကို လည်းကောင်း၊ လွိုင်လင်ခရိုင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ် ဒုရဲမှူး တင်မောင်မြင့်က လူကုန်ကူးမှုတားဆီးကာကွယ်တိုက်ဖျက်ရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဟောပြောကြသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ ပင်လုံတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့သည်။

**လွိုင်လင်မိုး**

## နည်းပညာတက္ကသိုလ် (တောင်ငူ) ၌ လူကုန်ကူးမှု အသိပညာပေးဟောပြော

**တောင်ငူ ဇူလိုင် ၁၅**

ပဲခူးတိုင်းဒေသကြီး အမှတ် (၃) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (ပဲခူး)၊ တပ်ဖွဲ့စိတ် (၂) တောင်ငူမှ တပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက နည်းပညာတက္ကသိုလ် (တောင်ငူ) ၌ လူကုန်ကူးမှု အသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အမှတ် (၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (ပဲခူး) တပ်ဖွဲ့စိတ် (၂) တောင်ငူမှ ဒုတိယရဲမှူး သန်းနိုင်ဦးက လူကုန်ကူးမှုဖြစ်ပေါ်လာပုံ၊ လူကုန်ကူးသူများ အသုံးပြုသည့် နည်းလမ်းများနှင့် ပုံစံများ၊ လူကုန်ကူးခံရသည့် ဦးတည်နိုင်ငံများ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေအကြောင်းနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို စီမံကိန်းများ ရေးဆွဲဆောင်ရွက်နေမှုများကို အသိပညာပေးဆွေးနွေးပြောကြားပြီး ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ



စုစုပေါင်း ၂၆၁ ဦးအား လူကုန်ကူးမှု အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

## ပြည်မြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၌ စားသုံးသူကာကွယ်ရေးအသိပညာပေးဟောပြော

**ပြည် ဇူလိုင် ၁၅**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ သူနာပြုနှင့် သားဖွားသင်တန်း ကျောင်း(ပြည်) ၌ ယနေ့ မွန်းလွဲ



၁ နာရီက ပြည်ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

ဦးစွာ ပြည်ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးမင်းဆွေက စားသုံးသူအခွင့်အရေး (၈) ချက်နှင့် လိုက်နာဆောင်ရွက်ရမည့် အချက် (၄) ချက်အကြောင်း၊ ကုန်အညွှန်း အမှတ်အသားဖော်ပြခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာနှင့် စားသုံးသူနစ်နာဆုံးရှုံးမှုအတွက် တိုင်ကြားဆောင်ရွက်နိုင်သည့် နည်းလမ်းများအကြောင်းကိုလည်းကောင်း၊ ဦးစီးအရာရှိ ဦးနိုင်လင်းထွန်းက အွန်လိုင်းစနစ် ရောင်း/ဝယ်မှု၏ စားသုံးသူ ကာကွယ်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာ အကြောင်းများကိုလည်းကောင်း အသိပညာပေး ဆွေးနွေးဟောပြောကြသည်။

**ကိုဆက်(ပြန်/ဆက်)**



## ပုသိမ်၌ လမ်း/တံတားလုပ်ငန်းများစစ်ဆေး

**ပုသိမ် ဇူလိုင် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့်ဌာနမှ တာဝန်ယူဆောင်ရွက်သော တောင်ယာကုန်း-ရွာသစ် ကုန်း-စမ်းမြိုင်လမ်း ကတ္တရာခင်းခြင်း (၀/၄မိုင် x ၁၂ပေ x ၉လက်မ) လုပ်ငန်းအား ပုသိမ်ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူမင်း ကွင်းဆင်းစစ်ဆေးခဲ့ရာ ပုသိမ်မြို့နယ် ဦးစီးအရာရှိ(မြို့ပြ) စဟိန်းလင်းဇော်က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**

## မရမ်းကုန်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၅**

၂၀၂၅ ခုနှစ် မြို့နယ်အဆင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ကမ္ဘာအေးကုန်းမြေ ဥဿာသီရိဥယျာဉ်တော်ကြီးအတွင်း ယနေ့နံနက် ၈ နာရီခွဲတွင် ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဦးကျော်မိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ထွဋ်အောင်နှင့် အဖွဲ့ဝင်များ၊ အလုံမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မျိုးသူ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက စုစုပေါင်းပျိုးပင် ၅၈၇ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**



## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် –၅၊ နည်းဥပဒေ– ၂၀)
## ကလေးခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၉

ရိုးမဘဏ်လီမိတက် (အောင်ပန်းဘဏ်ခွဲ) **နှင့်** ၁။ ဦးသန်းဇော်
(ကိုယ်စား ဒေါ်ခိုင်ပွင့်ဖြူ မန်နေဂျာ) ၂။ ဒေါ်ညွန့်ရွှေ(ခ) ဒေါ်မြင့်သူ

**(တရားလို)** **(တရားပြိုင်များ)**

လွိုင်ကော်မြို့၊ နာနတ်တောရပ်ကွက်၊ မြို့ဦးလမ်း၊ အမှတ်(နတ/၉၄၄)၊ တောင်ကြီး – လွိုင်ကော်လမ်းဟောင်းနေ ဦးသန်းဇော်၊ ဒေါ်ညွန့်ရွှေ (ခ) ဒေါ်မြင့်သူ (အတူနေမိသားစုဝင်များ) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဘဏ်ချေးငွေတိုးရင်းပေါင်းငွေကျပ် (၂၁၅၂၅၉၂၀၃.၃၈) (ကျပ်နှစ်ထောင့်တစ်ရာငါးဆယ့်နှစ်သိန်းငါးသောင်းကိုးထောင့်နှစ်ရာသုံးကျပ်သုံးဆယ့်ရှစ်ပြား) အတွက် အပေါင်ဒီကရီရလိုမှုကို လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၈ရက် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၄ရက်) မွန်းမတည့်မီ နံနက် (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစ ရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာမျိုးသန့်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ကလေးခရိုင်တရားရုံး**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ ဘိုးပိုက်ဆံ(၁) ရပ်ကွက်၊ အ-ထ-က(၁) Grade-12 (A) မှ နော်အယ်မာဘလု Grade-5(A)မှ စောအိုင်းဇက်ဘလုဒိုထူးတို့၏ ဖခင်အမည်မှန်မှာ စောဘာပလုဒို (၇/ကတခ(နိုင်)၀၉၂၃၄) ဖြစ်ပါကြောင်း။

**စောဘာပလုဒို**

## ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ်၊ (န) ထခွဲ အလက(၁၅) G-12မှ မောင်ဖြိုးဇင်ထိုက်၏ ဖခင်အမည်မှန်မှာ ဦးဇော်ထိုက်ဦး ၁၂/လသယ (နိုင်)၀၃၃၂၈၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ်၊ (န) ထခွဲ အလက(၁၅) G-12မှ မနီလာလွင်နှင့် မခင်သီတာထွေးတို့၏ ဖခင်အမည်မှန်မှာ ဦးသန်းဌေး ၇/ကဝန(နိုင်)၀၇၀၃၂၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ်၊ (န)ထခွဲ အလက (၁၅) G-12မှ မောင်ဝေလျှံထက်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဝင်း ၈/မမန (နိုင်) ၀၆၁၆၅၈ ဖြစ်ပါကြောင်း။

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘရဏီလမ်း၊ အမှတ်(၉၇၅)နေ ဦးအောင်ဆွေဦး ၁၂/ဥကတ(နိုင်) ၁၆၀၅၉၅ သည် Benchmark Steel Enterprise Ltd မှ ချမှတ်ထားသော စည်းကမ်းများအား လိုက်နာခြင်းမရှိဘဲ ၁-၇-၂၀၂၅ရက်မှစ၍ ၎င်း၏သဘောဆန္ဒအလျောက် နှုတ်ထွက်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းနှင့်ပတ်သက်သော ကိစ္စအလုံးစုံတို့အား မိမိတို့ကုမ္ပဏီအနေဖြင့် (လုံးဝ) လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Benchmark Steel Enterprise Ltd**

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ မဟာမြိုင်(၇)လမ်း၊အိမ်အမှတ်-(၆၈)နေ ဒေါ်ယုယုအောင် (၁၀/မလမ(နိုင်)၂၃၀၀၇၇)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်သည်မှာ –

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယုယုအောင်(ဘ)ဦးဝင်းရွှေ (၁၀/မလမ(နိုင်) ၂၃၀၀၇၇)နှင့် ဦးသျှမ်းကိုကို(ဘ)ဦးလင်းယု (၃/ဘအန(နိုင်)၂၇၂၃၉၆)တို့သည် လွန်ခဲ့သော(၂၇-၃-၂၀၁၅)ရက်မှစ၍ တရားဝင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာ (၈)နှစ်အရွယ်သား မင်းသုခကောင်းတစ်ဦးတည်း မွေးဖွားထွန်းကားခဲ့ပါသည်။

ယခုအချိန်တွင် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်းမတိုက်ဆိုင်တော့ပါသဖြင့် ဆက်လက်ပေါင်းသင်းရန် မဖြစ်နိုင်ပါသောကြောင့် (၇-၁၂-၂၀၂၃)ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို အသိသက်သေများရှေ့မှောက်၌ လက်မှတ်ရေးထိုးချုပ်ဆို ကွာရှင်းခဲ့ကြပြီးဖြစ်ပါသည်။

ထိုသို့ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးသည့်အချိန်မှစ၍ ဒေါ်ယုယုအောင်နှင့် ဦးသျှမ်းကိုကိုတို့သည် ဆက်စပ်သက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့ကို တစ်ဦးမှတစ်ဦးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်ခြင်း အလျဉ်းမပြုလုပ်ကြတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ယုယုအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဖြိုးသီရိအောင် (LL.B)(D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၈၄၄)**
**အမှတ်(L/ ၁၃၈) မဟာမြိုင်၊ မြေနီကုန်းရပ်ကွက်၊ မော်လမြိုင်မြို့၊**
**ဖုန်း– ၀၉–၄၂၅၂၇၉၉၃၄**

## ၂၀၂၀ပြည့်နှစ် Insolvency Law အရ
## PYAE SONE LWIN COMPANY LIMITED
## (အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)
## (Insolvency Law 147, 152 နှင့် Insolvency Rules 9 နှင့် 15(b)အရ)

၂၀၂၅ခုနှစ်၊ ဇူလိုင်လ(၁၅)ရက် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏အထူးအထွေထွေအစည်းအဝေးတွင်အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်–

၁။ ကုမ္ပဏီအား အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်း ရန်။

၂။ ဒေါ်ကေခိုင်ခိုင်လင်း လက်မှတ်ရပြည်သူ့စာရင်းကိုင်အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ၎င်းအားကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလိုဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်သော လုပ်ပိုင်ခွင့်များကိုလွှဲအပ်ရန်။

၃။ PYAE SONE LWIN COMPANY LIMITED ၏ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံသို့ (၁၆/၈/၂၀၂၅)ရက် နောက်ဆုံးထား၍ ကုမ္ပဏီမှ ပေးရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း သတ်မှတ်ပုံစံဖြင့် ခိုင်လုံသော သက်သေခံအထောက်အထားများနှင့်အတူ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက်နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

**ဦးသစ်လွင်** **ဒေါ်ကေခိုင်ခိုင်လင်း**
**ဒါရိုက်တာ** **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**PYAE SONE LWIN CO.,LTD** **တိုက်(၆)၊ အခန်း(၃၂၃)၊ ကျိုက္ကဆံအိမ်ရာ၊ မာလာနွယ်လမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ သာကေတမြို့နယ်၊ (၄/တောင်) ရပ်ကွက်၊ မြို့မ(၈)လမ်း၊ တိုက်အမှတ် (၃၈၉/က–၃၈၉/ခ)၊ မြေကွက်ပေါ်ရှိ ပဉ္စမထပ်(၆လွှာ)(6-A)၊ (၁၇'x၅၄')အကျယ်ရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးသိန်းဇော်ဝင်း (၁/ဗမန(နိုင်)၀၅၄၀၆၇)ထံမှ ကျွန်တော် ဦးပြည့်ဖြိုး [၁၂/လမန(နိုင်) ၁၄၈၂၂၇]နှင့် ကျွန်မ ဒေါ်စုမွန်ကျော် [၁၂/လမန(နိုင်)၁၄၈၂၂၈] က ဝယ်ယူရန်အတွက် စရန်ငွေများပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆိုပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုး–ဒေါ်စုမွန်ကျော်**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဓဥပဒေအမိန့် -၂၊ နည်းဥပဒေ -၂၂)
## လှိုင်လင်ခရိုင်တရားရုံးတော်
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁နှင့် ဆက်နွယ်သည့်
## ၂၀၂၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂

ကိုဟိန်းမင်းထွန်း **နှင့်** ၁။ ဒေါ်ဇင်မာထွန်း
၂။ ဒေါ်နှင်းဖြူဖြူထွန်း
၃။ ဒေါ်အိမွန်မွန်ထွန်း

**(တရားနိုင်)** **(တရားရှုံးများ)**

လှိုင်လင်မြို့၊ အမှတ်(၂)ရပ်ကွက်၊ ဂေါက်ကွင်းလမ်း၊ အမှတ်(၂) နေ ၁။ ဒေါ်ဇင်မာထွန်း၊ ၂။ ဒေါ်နှင်းဖြူဖြူထွန်း၊ ၃။ ဒေါ်အိမွန်မွန်ထွန်း (ယခုနေရပ်လိပ်စာမသိသူ)များအား သိစေရမည်။

၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်–၁ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်သည့် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသူဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဩဂုတ်လ ၁၄ရက် (၁၃၈၇ခုနှစ်၊ ဝါခေါင်လဆုတ် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မေစိမ့်စမ်း)**
**ခရိုင်တရားသူကြီး**
**လှိုင်လင်ခရိုင်တရားရုံး**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ အထက(မှန်ချောင်း) (Grade-12) မှ နော်ဝါးလူဖော၏ ဖခင်အမည်မှန်မှာ စောဖိုးစနွေး ၇/ ကတခ(နိုင်)၀၃၃၂၁၇ ဖြစ်ပါကြောင်း။

**စောဖိုးစနွေး**

## ပတ်စ်ပို့ပျောက်

မြိတ်မြို့၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကုန်းဖောက်ရပ်ကွက်၊ ကုန်းဖောက် (၆)လမ်းနေ (ဘ) ဦးကျော်မြင့်၏သားဖြစ်သူ ဦးသန့်ဇင်ဦး ၆/တသရ(နိုင်)၀၇၁၂၇၃၏ ပတ်စ်ပို့နံပါတ် အမှတ် MB-712163 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉– ၂၆၀၇၀၄၄၈၀**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ All Star ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ မလထော်ဂျာအိန်နန်၏ ဖခင်အမည်မှန်မှာ ဦးခွန်ဖုန်း ၁၃/မမတ(နိုင်)၀၄၀၂၆၂ ဖြစ်ပါကြောင်း။

## အမည်ဖြည့်စွက်နှင့် ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (စီတာပူ)၊ Grade-9(B) မှ မမေလတ်ရှင်းအား မဆန်ဒေါင်းမေလတ်ရှင်းဟု အမည်ဖြည့် စွက်ခေါ်ပါရန်နှင့် ၎င်း၏ ဖခင်အမည်မှန်မှာ ဦးဆန်ဒေါင်းဖုန် ၁/ပတအ (နိုင်)၀၂၈၂၀၅ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 33W/43634, Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးမြင့် ၁၀/ပမန(နိုင်)၁၄၉၆၀၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(သထုံ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 70W/95166, Turbo Star 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုချိုလင်း ၁၄/ဟသတ(နိုင်)၃၀၃၅၈၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6N/3010, TOYOTA HIACE TRH-224, MINIBUS (4X2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ခိုင်ဖြိုး ၁၂/လမတ(နိုင်)၀၃၆၀၃၇က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/78398, New Aibo-125,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သဲဇင်အေး ၉/မဟမ(နိုင်) ၀၂၇၀၄၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/46901,KAMAX-125(K-3), M/Cယာဉ်လက်ဝယ်ရှိသူ ဦးသီဟ ၉/အမဇ(နိုင်)၀၇၂၉၂၅က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၇၉၇၀၀ ယာဉ်လက်ဝယ်ရှိသူ ဦးသက်မောင် ၁၀/မဒန(နိုင်)၁၅၀၂၂၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

# အများသိစေရန်ကြေညာခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ကြက်ဆူကျင်းကျေးရွာရှိ **Thet Oo San Company Limited** ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်–

၂။ အထက်ဖော်ပြပါ ကုမ္ပဏီသည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကောင်းမွန်သောဂုဏ်သတင်းများဖြင့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေသည့်အပြင် မကွေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဌာနမှချီးမြှင့်သော ရှင်မတောင်သနပ်ခါးထုတ်ကုန်နှင့် ပတ်သက်သည့် စွန့်ဦးတီထွင်ဆုအား ၂၀၁၉ ခုနှစ်တွင် ရရှိခဲ့ပါသည်။

၃။ မူပိုင်ခွင့်ဦးစီးဌာနတွင်လည်း ကုမ္ပဏီ၏ ကုန်အမှတ်တံဆိပ်များဖြစ်သော "သက်ဦးစံ ရှင်မတောင်သနပ်ခါး ယဉ်ကျေးမှု" ၊ "ဆန်ကော်လဂျင်" ဝက်ခြံပျောက်သနပ်ခါး၊ "ပယင်းကော်လဂျင်" အသားလှသနပ်ခါးခဲ၊ " **မိုးမခကော်လဂျင်"** ဝက်ခြံ၊ အဆီဖု၊ ကြာစူးပျောက် သနပ်ခါးအမြစ်ခဲ၊ "ကွမ်းသီးနုပျားရည်ကော်လဂျင်" ချိုင့်ခွက်၊ အမာရွတ်ပျောက် သနပ်ခါးအမြစ်ခဲ အစရှိသည်တို့အတွက် မူပိုင်ခွင့်မှတ်ပုံတင်သွင်းလျှောက်ထားပြီး ဖြစ်ပါသည်။ **"သက်ဦးစံ"** အမည်ဖြင့် အလှအပ၊ အသားအရေထိန်းသိမ်းမှုနှင့်ပတ်သက်သည့် ထုတ်ကုန်များ၊ သနပ်ခါးထုတ်ကုန်များကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချနေသည့် ကုမ္ပဏီဖြစ်ပါသည်။

၄။ **"သက်ဦးစံ"**ကို အခိုင်အမာအားပေးလျက်ရှိကြသော သုံးစွဲသူဖောက်သည်များကြား ထင်ယောင်ထင်မှားဖြစ်စေရန် ယင်းကုန်ပစ္စည်းများအား နာမည်တူ၊ ပုံစံတူ အတုအပပြုလုပ်၍ သုံးစွဲခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများကို မပြုလုပ်ရန်၊ လူမှုကွန်ရက်များနှင့် အခြားသော ဆက်သွယ်ရေးကွန်ရက်များပေါ်တွင် ကုမ္ပဏီ၏ ကောင်းမွန်သော ဂုဏ်သတင်းများနှင့်စပ်လျဉ်း၍ အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေသည့် ကုမ္ပဏီ၏ ပုံရိပ်ကျဆင်းစေသော ရေးသားပြောဆိုခြင်းများ မပြုလုပ်ရန်၊ ထို့အတူ လူမှုကွန်ရက်နှင့် အခြားသော ဆက်သွယ်ရေးကွန်ရက်များပေါ်တွင် ကုမ္ပဏီ၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ခြင်းမှတပါး ကုမ္ပဏီ၏ Content idea များပါဝင်သောစာသားများ၊ ဓာတ်ပုံများ၊ ဗွီဒီယိုဖိုင်များကို ထပ်တူ တုပ၍သော်လည်းကောင်း၊ ခွင့်ပြုချက်မရှိဘဲ အသုံးပြုခြင်းသော်လည်းကောင်း မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

၅။ ပြုလုပ်ဆောင်ရွက်နေသူများအား တွေ့ရှိပါက ကျွန်ုပ်မိတ်ဆွေကုမ္ပဏီ၏ အကျိုးစီးပွားဂုဏ်သိက္ခာထိခိုက်နစ်နာမှုများအတွက် တရားဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မေထက်ထက်အောင် (LL.B) အထက်တန်းရှေ့နေ (စဉ်–၅၃၇၈၈/၂၀၂၀)**
**အမှတ် ၃၃၊ ၅လွှာ၊ ဣစာသယလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း – ၀၉–၉၆၉၇၆၉ ၀၇၇**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## တနင်္သာရီတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ ထားဝယ်မြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ တနင်္သာရီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် တိုင်းဒေသကြီးအတွင်းတွင် ဆောင်ရွက်မည့် မြို့ပြတည်ဆောက်ရေးလုပ်ငန်းများ၊ ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းများအတွက် ပထမအကြိမ် တင်ဒါမှ ကျန်ခဲ့သည့် လုပ်ငန်းများအား ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါရန် ထပ်မံဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - (၁၅.၇.၂၀၂၅)ရက်မှ (၂၈.၇.၂၀၂၅)ရက်အထိ

(ခ) **တင်ဒါတင်သွင်းရမည့်ရက်** - (၂၈-၇-၂၀၂၅)ရက်၊ (၉:၃၀)နာရီမှ(၁၆:၃၀)နာရီအတွင်း

(ဂ) **တင်ဒါလျှောက်လွှာဝယ်ယူ/တင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီး၊ လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရေးလမ်း၊ ပိန္နဲတောရပ်၊ ထားဝယ်မြို့

၂။ အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုသည်များအား ရုံးချိန်အတွင်း လူကိုယ်တိုင်သော်လည်းကောင်း၊ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့လည်းကောင်း တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီး၊ လျှပ်စစ်အင်ဂျင်နီယာရုံး၊ ထားဝယ်မြို့**

ဖုန်း - ၀၉-၄၃၀၀၇၈၄၀၊ ၀၉-၂၅၁၀၀၁၆၉၀
၀၉- ၄၂၅၃၀၇၂၄၂၊ ၀၉-၄၂၉၈၇၁၄၁၈
၀၉- ၂၆၂၈၄၃၂၅၉၊ ၀၉-၇၉၄၁၁၂၇၇၅

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ရွှေကျင်မြို့နယ်တရားရုံးတော်၌
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉

ဒေါ်စန်းရီမြ နှင့် ဒေါ်သီတာ(ခ)ဒေါ်နှင်းပုလဲရည်
တရားလို တရားပြိုင်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ကျောက်မြတ်ရတနာဈေး၊ ရွှေကြာပင်ရပ်လမ်းနေ တရားပြိုင် ဒေါ်သီတာ(ခ)ဒေါ်နှင်းပုလဲရည်(ဘ)ဦးကျင်ဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စန်းရီမြက မြေနှင့်မြေပေါ်ရှိ အိမ်တို့နှင့် ပတ်သက်သော တန်ဖိုးရှိ စာရွက်စာတမ်းများလက်ရောက်ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဩဂုတ်လ ၁ရက် (၁၃၈၇ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင် ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးလင်းနိုင်)**
**မြို့နယ်တရားသူကြီး**
**ရွှေကျင်မြို့နယ်တရားရုံး**

## ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူး (စကု)မြို့နယ် ကံသစ်ကျေးရွာအုပ်စု ကံသစ်ကျေးရွာနေ ဦးကြည်ရှိန်၏သား မောင်ကျော်သူဝင်း ၈/မဘန (နိုင်)၁၇၆၄၆၂ ၏ နိုင်ငံကူး လက်မှတ်အမှတ် YGN-25-010783 မှာပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

09 987 054 053

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းခွဲ (ရေပုတ်) Grade 11 မှ မနွယ်နီဦး ၏ ဖခင် ဦးဟန်လှိုင်၏အမည်မှန်မှာ ဦးဟံလှိုင် 8/မဘန(နိုင်)၀၂၃၇၅၇ ဖြစ်ပါကြောင်း။

**ဦးဟံလှိုင်**

## ပျောက်ဆုံးကြောင်း

ဦးသန်းရွှေ၏သမီး ဒေါ်ခင်ပြုံးရွှေ DGN-002564၏ ကမ္ဘာ့ရတနာဘဏ် အစုရှယ်ယာလက်မှတ် အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၈၂၈၇၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- အောင်ချမ်းသာတိုးချဲ့၊ စက်ပစ်ကွင်းလမ်းမကြီး၊ မြေကွက်အမှတ် (၁၇၈၅)၊ အလျား x အနံ (၄၀ x ၆၀) ပေအကျယ်ရှိ ဦးခင်မောင်ဝင်း အမည်ပေါက် (ပါမစ်) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်အိအိလင်း (၁၂/စခန(နိုင်)၀၀၂၆၂၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဒွေးဒွေးလှိုင် (၁၂/သကတ(နိုင်)၀၈၅၅၉၁)က ပြန်လည် ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာ စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးအောင်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်လွှဲရယူသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇာနည် (LLB, D.B.L, D.I.B.L)(စဉ်- ၁၄၆၆၈) ဒေါ်အိအိမော်(ခ)အိသဉ္ဇာအောင်(LLB, D.I.B.L)(စဉ်-၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ မြို့ကြီးကုန်း(၂)လမ်း၊ မြေကွက်ကြီး အမှတ်(၁/၇)၊ မြေကွက်ငယ် အမှတ်(၂၆၃)၊ ဦးအောင်နိုင်ထွန်း အမည်ပေါက်မြေကွက်၊ အလျား အနံ (၄၀ပေ x ၆၀ပေ)ရှိ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင် လက်ရှိပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကမ်းလှမ်းအဆိုပြုလာသူ ဒေါ်စံပယ်မြင့် ၁၂/ဒဂမ(နိုင်) ၀၁၁၀၇၄ထံမှ ဒေါ်ခင်မေထွန်း ၇/တငန(နိုင်)၁၈၂၆၅၄က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါ၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည့် မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအပြည့်အစုံဖြင့် ယခုသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ၊ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါ သည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့် တိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးမမ(စဉ်-၁၃၆၂၈) တရားလွှတ်တော်ရှေ့နေ**
**ဈ/၁၁၅၊ ကုန်သည်လမ်း၊ ဈေးကြီးရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၆၇၁၈၈၅၆၉**

## ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ကွင်းကြီးဇီးဖြူကုန်းကျေးရွာအုပ်စု၊ ကျုံဒလှဲ့ကျေးရွာနေ ကျွန်တော် ဦးကြည်သိန်း ၁၄/အမန(နိုင်)၀၆၈၆၄၀ ပိုင်ဆိုင်သော ရွှေချမ်းသာ(၃)၊ ရညန/ရော ၁၅၉၅ ရေယာဉ်မှတ်ပုံတင်၊ လုပ်ငန်းလိုင်စင်အပိုင်း (က)+(ခ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါရန်။

၀၉-၄၂၂၅၀၈၅၀၆

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးတက္ကသိုလ်၊ ပဋ္ဌမနှစ် (ဥပဒေ)မှ မောင်အောင်ကျော်စိုး ၉/ဥတသ(နိုင်)၀၀၄၆၃၅၏ဖခင် ဦးငယ် (၉/ပမန(နိုင်)၂၂၆၀၆၈)နှင့် ဦးကိုငယ်မှာ တစ်ဦးတည်းဖြစ်ပြီး မိခင်ဒေါ်တုပ် ၉/ဥတသ(နိုင်)၀၀၄၇၄၄နှင့် ဒေါ်တုတ်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## ကျိုင်းတုံခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄

နန်းဆွတ်ခမ်း နှင့် နန်းရဲန်ရုံး
တရားလို တရားပြိုင်

အမှတ်(၃)ရပ်ကွက်၊ နောင်ခမ်းရပ်၊ ကျိုင်းတုံမြို့ (ယခုနေရပ်လိပ်စာမသိ)နေ နန်းရဲန်ရုံး သိစေရမည်။

သင့်အပေါ်၌ နန်းဆွတ်ခမ်းက ကတိပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆို နိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၈ရက် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်) မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စည်သူဝင်း)**
**ခရိုင်တရားသူကြီး**
**ကျိုင်းတုံခရိုင်တရားရုံး**

## ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုမွန်ကျော်(ဘ)ဦးသိန်းကြွယ် (၁၄/မမန(နိုင်)၁၈၈၈၈၁) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုမွန်ကျော်နှင့် ဦးအောင်သူကို (၁၂/သကတ(နိုင်)၁၈၂၄၁၃)တို့သည် ၂၀၂၀ပြည့်နှစ်မှစ၍ အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ပြီး သမီးတစ်ဦးထွန်းကားခဲ့ပါသည်။ ယခုအချိန်တွင် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့သည့်အပြင် ရှေ့ဆက်ပေါင်းသင်းနေထိုင်ရန်ဆန္ဒမရှိတော့ပါသဖြင့် **တာမွေမြို့နယ်တရားရုံးတော်၌(၁၆-၆-၂၀၂၅)ရက်တွင် "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်"** ကို ပြုလုပ်ချုပ်ဆို၍ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။

ထိုသို့ တရားဝင်ကွာရှင်းပြတ်စဲပြီးသည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်း အလျဉ်းမရှိတော့ပဲ တစ်ဦး၏ကိုယ်ရေးကိုယ်တာကိစ္စရပ်များအပေါ် တစ်ဦးမှဝင်ရောက်စွက်ဖက်နှောင့်ယှက်ခြင်း၊ ကိုယ်၊ စိတ်၊ ဂုဏ်သရေအမည်တို့အပေါ် ပတ်ဝန်းကျင်အသိုင်းအဝိုင်းနယ်ပယ်အသီးသီးမှ လွဲမှားသောအမြင်များ ဖြစ်ပေါ်စေရန် ဖန်တီးဆောင်ရွက်ခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး ပြုလုပ်ခြင်းခံရသူ၌ ကိုယ်ကျိုးစီးပွား၊ အမည်၊ ဂုဏ်သိက္ခာထိခိုက်ညှိုးနွမ်းမှုများ ဖြစ်ပေါ်စေခဲ့ပါလျှင် တည်ဆဲဥပဒေများနှင့်အညီတရားစွဲဆို၊ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်စုမွန်ကျော်**
**၁၄/မမန(နိုင်)၁၈၈၈၈၁**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**၁။ ဒေါ်ခင်နန်းဝေ (LL.B,DBL, D.M.L) (ဇာမဏီ)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၉၈)**
**၂။ ဦးသော်ဇင်အောင် (LLB)**
**အထက်တန်းရှေ့နေ (စဉ်- ၅၅၇၉၂ )**
**Goldern City (ရန်ကင်းမြို့နယ်)**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၈၈၉၆၃၇၄၄၃**

## တစ်ဦးတည်းဖြစ်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်နေ ဦးသူရအောင် ၁၂/ကတတ(နိုင်)၀၃၄၃၆၃ ၏ဖခင် ဦးကိုကိုဝင်းနှင့် ဦးကိုဝင်းသည် အမည်များကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းသာဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ မြရတနာရပ်ကွက်၊ နဝရတ်လမ်းနေ ကျွန်တော် ဦးအောင်သူလတ်၊ ၁၄/မမန(နိုင်)၁၄၂၉၉၇ ပိုင်ဆိုင်သော ဖြိုးကြွယ်ချမ်းမြေ့၊ ရညန/ရော ၁၄၅၅ ရေယာဉ်မှတ်ပုံတင်၊ လုပ်ငန်းလိုင်စင်အပိုင်း (က)+(ခ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါရန်။

**ဖုန်း-၀၉-၄၂၂၅၀၈၅၀၆**

## မွေးသက္ကရာဇ်နှင့် မိဘအမည်မှန်

မူဆယ်ခရိုင် မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်နေ ဒေါ်ချိုမာ ၁၃/မဆတ(နိုင်)၀၂၁၆၇၅၏ မွေးသက္ကရာဇ်အမှန်မှာ (၉-၅-၁၉၆၈)ဖြစ်ကြောင်းနှင့် ဖခင် အမည်မှန်မှာ ဦးထီးငင်း(ခ)ဦးအိုက်ခမ်း ၁၃/မဆတ(နိုင်)၀၁၈၀၀၇ ဖြစ်ပါ ကြောင်း။

**ဒေါ်ချိုမာ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မော်လမြိုင်မြို့၊ သုခဝတီ၊ အထက Grade-7မှ မနှင်းသံစဉ်ထက်၏ ဖခင် ဦးကြည်စိုးနှင့် ဦးကြည်စိုးလှိုင် ၁၀/မလမ(နိုင်)၂၀၂၁၈၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကြည်စိုး(ခ) ဦးကြည်စိုးလှိုင်**

## ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 8M/2858 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8I/8294 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း (၆)လမ်း (မြို့ဟောင်း)၊ အမှတ်(၆၄၆)၊ (၇/ဘီ)၊ (၇)လွှာ (အရှေ့ခြေရင်းခြမ်း)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်စိမ်းမို့မို့အေး ၁၄/မမက(နိုင်)၂၂၅၅၃၅ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဦးအောင်ပြည့်ဖြိုးဝင်း ၆/မမန(နိုင်)၁၃၇၁၇၀၊ ဒေါ်မဥ္ဇူကျော် ၁၂/မရက(နိုင်) ၁၃၁၀၁၆တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန် ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L) ဒေါ်ခင်စောသိန်း (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃) တရားလွှတ်ရှေ့နေ(စဉ်-၁၃၂၈၆)**
**ဒေါ်သိမ့်သဉ္ဇာလီ(LL.B,LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၅၆၈၈၇)**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊**
**ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၅၀၃၆၅ ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုလေး ၁၃/မဆတ(နိုင်)၀၀၈၄၇၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 13W/53700 ယာဉ်လက်ဝယ်ရှိသူ ဦးဌေးသန်း ၁၀/မလမ(နိုင်)၁၂၈၅၅၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော "ယဉ်ယဉ်စံ" အမည်ရှိ ကော့သောင်းခရိုင် ငါးဖမ်းရေယာဉ် (ရေယာဉ်မှတ်ပုံတင်အမှတ် FKD/0001/09)ရေယာဉ်၏ တန်ချိန် ၅၀.၈၇ အား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးဝင်းနိုင် ၆/လလန(နိုင်)၀၁၄၂၂၇ အမည်မှ ဦးဖြိုးမောင်မောင် ၆/ပလန(နိုင်)၀၆၅၃၄၀ အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့လိပ်မူ၍ ရက်ပေါင်း (၃၀)အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/78563, Wonjan-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးထက်မြတ်အောင် ၇/ရတန(နိုင်)၁၂၇၅၆၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/73050 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ထွန်း ၇/ဝမန(နိုင်)၀၉၀၃၁၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/88454 ယာဉ်လက်ဝယ်ရှိသူ ဦးညီညီထွန်း ၁၂/လကန(နိုင်)၀၆၆၅၀၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၂၁၈၇၈, Super Anbo-125 ယာဉ်လက်ဝယ်ရှိသူ ဦးဇာဇာထွန်း ၅/ပလန(နိုင်)၀၅၆၉၁၈က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43W/24723, Kenbo-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းထွဋ် ၉/မနမ(နိုင်)၀၀၇၉၉၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/15186, YUNDE-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းသိန်း ၇/ပမန(နိုင်)၁၄၄၇၆၈က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)**
**ရမည်းသင်းမြို့နယ်တရားရုံးတော်၌**
**၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၀**

ဒေါ်ဖြူဖြူထွန်း **နှင့်** ၁။ ဦးမြင့်လှိုင် ၂။ ဒေါ်ချိုပြုံး
၃။ ဒေါ်တင်ပို ၄။ ဦးစံရွှေ
၅။ ဒေါ်တုတ် ၆။ ဦးအုန်းကျော်
၇။ ဒေါ်သန်းစိန် ၈။ ဒေါ်တင်စိန်
၉။ ဦးသိန်းလွင် ၁၀။ ဦးမြင့်ဌေး
၁၁။ ဒေါ်စန်းစန်းအေး
၁၂။ ဒေါ်စန်းစန်းထွေး
**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ဒဂုံမြို့နယ်၊ (၃)ရပ်ကွက်၊ ဗထူးလမ်း၊ အိမ်အမှတ်(၅၈၈)နေ (ဘ)ဦးသင်း၏ သမီးဖြစ်သူ ဒေါ်သန်းစိန်(မှီခို)(ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဖြူဖြူထွန်းက ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၀ တွင် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဩဂုတ်လ ၁၁ရက် (၁၃၈၇ခုနှစ်၊ ဝါခေါင်လဆုတ် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ပါရှိသူ တရားလို ဒေါ်ဖြူဖြူထွန်း၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးရှေ့သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီဟအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ရမည်းသင်းမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်
ဟုမ္မလင်းမြို့၊ အမက- ၂ ကျောင်းမှ မောင်မင်းခန့်ဇော် G.4(B)၏ ဖခင်အမည်မှန်မှာ ဦးမျိုးမြင့် ၅/ဟမလ(နိုင်)၀၃၁၁၁၂ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်
သထုံမြို့နယ်၊ အထက(ကြာပန်း)ကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မောင်ကောင်းသန့်စင် ၆/ရဖန(နိုင်)၁၂၅၄၉၉၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၁၁-၂၀၀၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်
ရောဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ အလက(ကွန်ဒိုင်း)၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ မခိုင်ဇင်ဝင်း(Grade-8)၊ မောင်ထွန်းဇာနည်(Grade-4)၊ မောင်ထွန်းဝဏ္ဏ(Grade-2)တို့၏ ဖခင်အမည်မှန်မှာ ဦးသက်ဖြစ်ပါကြောင်း။
**ဦးသက်**
**၁၄/ဒဒရ(နိုင်)၁၅၇၇၈၇**

## ဖခင်အမည်မှန်
ရောဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ အထက(ရှမ်းကန်)၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် Grade-9 တွင် ပညာသင်ကြားနေသော မဇင်လဲ့နန္ဒာ၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်မြင့်ဖြစ်ပါကြောင်း။ **ဦးခင်မောင်မြင့်**
**၁၄/ဒဒရ(နိုင်)၁၂၇၄၁၄**

## ကန့်ကွက်နိုင်ပါကြောင်း
ပဲခူးမြို့၊ ဥသျှောင်မြို့သစ်၊ အမှတ်(၂)ရပ်ကွက်၊ မြေတိုင်းအမှတ်(၉)၊ မြေကွက်အမှတ်(၂၇၃)၊ မြေဧရိယာ(၀ဒသမ၃၀၉)ကေရှိမြေအား ဗိုလ်မှူးသိန်းစိုးမှ သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ဝေဘာဂီလမ်း၊ အမှတ်(၁၅/၁၇)၊ တတိယထပ်(၄-လွှာ)(လက်ဝဲဘက်ခြမ်း) မီနီကွန်ဒိုတိုက်ခန်းအပါအဝင် ယင်းမီနီကွန်ဒိုတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်အိမင်းမိုမို ၇/အတန(နိုင်)၀၈၁၀၀၇၆ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးတာရာ၁၂/ကမရ(နိုင်) ၀၆၁၆၇၉က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** **ဒေါ်ခင်စောသိန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)**
**ဒေါ်သိမ့်သဉ္ဇာလီ(LL.B,LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၅၆၈၈၇)**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊**
**ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် AYY/50777 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားအဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ ဟသ်ာတမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း
မုံရွာမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၅/အောင်မင်္ဂလာ)၊ ဦးပိုင်အမှတ်/ မြေကွက်အမှတ် (ယခင်-၂၆၊ ယခု(၁၉၀-က))၊ ဧရိယာ(၀.၀၂၅)ကေရှိမြေကွက်သည် မြို့မြေအမှုတွဲ အမှတ်၊ ၃၄/၁၉၉၄ အရ ဒေါ်ခင်မြဒွေး အမည်ဖြင့် (၁၇-၃-၁၉၉၄)မှ(၁၆-၃-၂၀၂၄)အထိ နှစ်(၃၀)ရရှိခဲ့သော မြေငှားစာချုပ်အား ဒေါ်ခင်မြဒွေး အမည်ဖြင့် မြေငှားစာချုပ် (သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာ ကြော်ငြာသည့် (၄-၇-၂၀၂၅)ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၇၅၀)၊ မြေကွက်တည်နေရာအမှတ် ၇၅၀၊ ပုန်းညက်လမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြောက်(ဒေါ်မေဇင်အောင် ၉/မလန(နိုင်) ၀၀၀၄၈၀)အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်မေဇင်အောင်(ဇနီး)ကွယ်လွန်သဖြင့် ၎င်း၏တရားဝင်ခင်ပွန်းဖြစ်သူ ဦးစိုးမော်ရည် ၉/မလန(နိုင်)၀၀၀၅၆၆မှ ခင်ပွန်းတော်စပ်ကြောင်း၊ အခြားခင်ပွန်းယောကျ်ား တစ်ဦးတစ်ယောက်မျှ မရှိကြောင်း၊ မိမိမှာ ဇနီးဖြစ်သူ အမည်ပေါက်အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြန်မာ့ ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ မိမိသာလျှင် တရားဝင်အမွေဆက်ခံခွင့်ရှိကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဇနီးသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်ကတ်တို့ တင်ပြ၍ ဦးစိုးမော်ရည်မှ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်းမြို့သစ် (၃)လမ်း၊ အမှတ်(၅၉)၊ (၂)ခန်းတွဲ(၆)ထပ်တိုက်၏ (၆)လွှာ၊ (ခေါင်းရင်း) တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဦးထက်မြတ်အောင် (၁၂/ဥကမ(နိုင်)၂၄၅၅၅၄)မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးအောင်ကျော်မိုး (၉/မသန(နိုင်) ၁၄၁၆၉၈)ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း တိကျခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သက်သက်မွန်** **ဦးသုထက်ကျော်လွင်**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ**
**(စဉ်-၁၀၆၀၅/၂၀၁၅)** **(စဉ်-၄၉၅၀၂/၂၀၁၈)**
**တိုက် (၄)၊အခန်း (၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)**
**မိုင်မီးပွိုင့်အနီး၊ (၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**၀၉ - ၇၉၅၅၃၄၇၅၃၊ ၀၉ - ၇၅၀၃၉၈၄၀၆**

## ကန့်ကွက်နိုင်ပါသည်
